# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 26 December 2023 ၁၁၃၂၁


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက် ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေး

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၊ စိတ်ဓာတ်များနှင့်အညီ တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၂၅

(၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ပုပ္ပားတောင်မကြီး၏ ဒီဇင်ဘာတောင်တက်ပွဲ ပါဝင်တက်ရောက်သူများပြား

ညောင်ဦး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာတွင် တည်ရှိသော ကမ္ဘာကျော် မီးငြိမ်းတောင်တစ်လုံးဖြစ်သည့် ပုပ္ပားတောင်မကြီး၏ ဒီဇင်ဘာတောင်တက်ပွဲသို့ ပါဝင်တက်ရောက်သူများပြားခဲ့ကြောင်း ပုပ္ပားဒေသခံများထံမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❐



**အမျိုးဂုဏ်မြင့်မားခြင်း၊ မျိုးချစ်စိတ်ထက်သန်ခြင်း၊ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးခြင်း၊ နိုင်ငံတည်ဆောက်ခြင်း၊ အဖျက်ရန်ကိုတော်လှန်ခြင်းစသည်တို့ကို အကြောင်းပြု၍ ရေးဖွဲ့သီဆိုသော တေးသီချင်းများသည် ဇာတိမာန်တေးများပင်ဖြစ်**

ဆောင်းပါး စာမျက်နှာ ၆

**ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလ ပြင်ဆင်သတ်မှတ်**

စာမျက်နှာ ၇

ကြေးမုံ

# ငြိမ်းချမ်းသာယာဝပြောမှုကိုဆောင်ကြဉ်း

ယနေ့အခါသမယသည် ခရစ်ယာန်ဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအရ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသောခရစ္စမတ်ကာလဖြစ်သည်။ ကမ္ဘာတစ်ဝန်း ပြည်သူပြည်သားအပေါင်းတို့အနေဖြင့် နှစ်သစ်ကူးပြောင်းတော့မည့် မင်္ဂလာရှိသော အချိန်အခါသမယဖြစ်သည်။ ထိုသို့ပျော်ရွှင်ချမ်းမြေ့ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်ကာလတွင် နိုင်ငံသူ နိုင်ငံသားအပေါင်း ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့ ငြိမ်းချမ်းသာယာဝပြောကြစေကြောင်း မေတ္တာပို့သ ကောင်းကျိုးဆောင်ကြရမည် ဖြစ်သည်။

တိုင်းသူပြည်သားလူအများတို့အနေဖြင့် စိတ်အေးချမ်းသာပြီး ငြိမ်းချမ်းသာယာဝပြောမှုအပေါင်းကို အလိုရှိကြ၊ တောင့်တကြပေသည်။ အလိုရှိတောင့်တကြသည့်အတိုင်း တစ်ဦးအပေါ်တစ်ဦး မေတ္တာစေတနာထား၍ ကောင်းသောအမှုတို့ကို ပြုလုပ်ကြရပေမည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီချစ်ခင်ခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောမှုအပေါင်းကို ဆောင်ကြဉ်းကြရပေမည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါမှသာ ပြည်သူတစ်ရပ်လုံး အလိုရှိအပ်၊ တောင့်တအပ်သောအရာများ ဖြည့်ဆည်းပေလိမ့်မည်။ မြန်မာနိုင်ငံသည် ရှေးပဝေသဏီကာလကတည်းက မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ၊ မတူကွဲပြားသော ထုံးတမ်းစဉ်လာများနှင့် ယှဉ်တွဲနေထိုင်ခဲ့ကြသည်။ မည်သည့်ဘာသာ၊ မည်သည့်လူမျိုးကိုမျှ ထိခိုက်နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန်လေးစား၊ ညီညွတ်၊ စည်းလုံးစွာဖြင့် နိုင်ငံတော်၏ကောင်းကျိုးများကို ညီအစ်ကိုမောင်နှမစိတ်ထားဖြင့် တည်ဆောက်ခဲ့ကြသည်။

သို့သော် ၁၉ ရာစုမှစတင်၍ ကိုလိုနီဝါဒ၊ လူမျိုးကြီးဝါဒ၊ မတော်လောဘ ကိုယ်ကျိုးစီးပွားဝါဒ လက်ကိုင်ထားကြသော နိုင်ငံကြီးများသည် နိုင်ငံငယ်၊ လူမျိုးငယ်များအပေါ်တွင် မေတ္တာတရားခေါင်းပါးစွာဖြင့် ဝင်ရောက်စွက်ဖက်ကျူးကျော်နယ်ချဲ့မှုများရှိခဲ့သည်။ တိုင်းတစ်ပါးအပေါ် အမြတ်ထုတ်သွေးစုပ်နိုင်ရေး ဘာသာရေး၊ လူမျိုးရေး၊ စီးပွားရေး၊ စစ်ရေး စသည့်နည်းလမ်းအသွယ်သွယ်ဖြင့် ကျွန်ပြုနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ကျွန်သက်ရှည်စေရေးအတွက် သွေးခွဲအုပ်ချုပ်ရေးစနစ်၊ တိုင်းရင်းသားအချင်းချင်း သွေးခွဲသည့်စနစ်ကို ကျင့်သုံးခဲ့ကြရာ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးသော်လည်း အဆိုပါဆိုးမွေများနှင့် ကြုံနေရသည်ကို တွေ့ရမည်ဖြစ်သည်။

သွေးခွဲခြင်း၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားကာ မေတ္တာမထားနိုင်သည့်အဖြစ်မှ ကိုယ်ကျိုးစီးပွားရှာဖွေမှု၊ အဓမ္မအနိုင်ကျင့်မှု၊ အာဏာထူထောင်မှု၊ လက်နက်ကိုင်သောင်းကျန်းမှု စသည့်လူ့ဘောင်ပျက်စီးစေသောမကောင်းမှုများကို ပြုလုပ်လာကြသည်။ အဆိုပါဆိုးမွေများကို တိုင်းရင်းသားပြည်သူများ ခံစားနေကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသောအရာမှာ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး အမြန်ဆုံးရရှိနိုင်ရေးဖြစ်သည်။ မတူကွဲပြားသော တိုင်းရင်းသားပြည်သူများအားလုံး ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဟူသည့် ကောင်းမြတ်သောအခွင့်အရေးများကို အားလုံးရရှိခံစားနိုင်စေရန် မေတ္တာတရားရှေ့ထား၍ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိပြီး စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကို မြင်တွေ့ရသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဘာသာရေး၊ လူမျိုးရေးကို အလွဲသုံးစားပြုလုပ်ပြီး မြန်မာနိုင်ငံသားအချင်းချင်းကြားတွင် မေတ္တာစေတနာခေါင်းပါးစွာဖြင့် စည်းလုံးညီညွတ်မှုပျက်ပြားစေရန်၊ လေးစားယုံကြည်မှုပျက်ပြားပြီး အချင်းချင်း မသင့်မမြတ်ဖြစ်စေရန် လုပ်ဆောင်မှုများကိုလည်း အစဉ်သတိပြုကာကွယ်နေကြရန် လိုအပ်ပါသည်။ လူ့ဘောင်လောကတွင် အပြုနှင့်အဖျက်၊ ကောင်းကျိုးနှင့် မကောင်းကျိုးတို့သည် အစဉ်ဒွန်တွဲဖြစ်ပေါ်လေ့ရှိသော်လည်း တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစေရေးအတွက် စုစည်းညီညွတ်သောအင်အားဖြင့် တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မေတ္တာသည်သာ အောင်မြင်ရေးလက်နက်ဖြစ်သဖြင့် မင်္ဂလာရှိသော နှစ်သစ်ကူးပြောင်းချိန်ကာလတွင် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေဘဲ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမအချင်းချင်း မေတ္တာရှေ့ထား၍ ညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## လွိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ လူထုအသိပညာပေးဟောပြောပွဲ ကျင်းပ

လွိုင်လင် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်/ မြို့နယ်အဆင့် ဦးစီးဌာနများနှင့်ပူးပေါင်း၍ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာများ ပိုမိုသိရှိစေရန်ရည်ရွယ်၍ လူထုအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ခဲလောင်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ လွိုင်လင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဦးစီးဌာနများမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောများပြုန်းတီးမှု မရှိစေရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက တုံ့ပြန်ဆောင်ရွက်ရမည့်အစီအမံများနှင့် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ လူထုအသိပညာပေးဟောပြောပွဲသို့ လွိုင်လင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခဲလောင်းကျေးရွာမှ ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် တိရစ္ဆာန်များ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့် ကောင်းမွန်သော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP၊ GAHP)၊ ကျန်းမာရေး အသိပညာဗဟုသုတများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်နည်းပြ ဆရာ ဆရာမများက တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချသွားခဲ့ကြောင်း သိရသည်။

၂၂၂

## ပွင့်ဖြူမြို့ မစည်ပင်သာယာဈေး၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ပွင့်ဖြူ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ထိခိုက်မှု ကင်းဝေးစေရန်နှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ကင်းစင်ပပျောက်စေရန်ရည်ရွယ်၍ ပလတ်စတစ် ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးတွင် ဈေးသူဈေးသားများနှင့် ဈေးဝယ်လာပြည်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေးရှိ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ ဈေးသူဈေးသားများနှင့်ဈေးဝယ်လာပြည်သူများကို ပလတ်စတစ်ကြွပ်ကြွပ်အိတ်များ အလွန်အကျွံ သုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆိုးကျိုးဖြစ်စေမှုများကို အသိပညာပေး ဆွေးနွေးဟောပြော၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဈေးရောင်းဈေးဝယ် ပြုလုပ်ရာတွင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များ အစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ကို အခမဲ့လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အေးချမ်းသာယာပြီး ကြံ့ကြံ့ခံနိုင်သည့် လူမှုအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက် ရာသီဥတုဖောက်ပြန်မှုများကို လျှော့ချရန် အတူတကွ လက်တွဲဆောင်ရွက်ကြရမည်

❂ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် မဟာပဝရ ဓိပတိ ဟွန်မာနိုက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆရက်ထာ ထာဗီဆင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်မင်ချင်းတို့ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက် ဆွေးနွေးစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဦးစွာ ပူးတွဲဥက္ကဋ္ဌများက အဖွင့်အမှာစကားများ ပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် သုံးသပ်ကာ၊ အနာဂတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ၂၀၁၆ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ခုနစ်နှစ်တာကာလအတွင်းအခြေခံအဆင့်ကိုကျော်ဖြတ်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်း တန်ဖိုးရှိသည့် အထူးရန်ပုံငွေစီမံကိန်း ၁၀၆ ခု ရရှိထားပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း နိုင်ငံများအား အထောက်အပံ့နှင့် အကူအညီများ ဆက်လက် ပေးအပ်နေမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်မှာ **"မဲခေါင်-လန်ချန်း နိုင်ငံများအကြား အားလုံးနှင့်သက်ဆိုင်သော အနာဂတ်နှင့် ခေတ်မီဖွံ့ဖြိုးမှုတည်ဆောက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**ဖြစ်သည့်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ခေတ်မီတိုးတက်လာစေရေးတို့အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်တွင် အချင်းချင်းအပြန်အလှန် အကူအညီပေးသင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့် မဲခေါင်-လန်ချန်း ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းများမှ တစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဆန်းသစ်တီထွင်မှုစင်္ကြံ"ဖော်ဆောင်မှုနှင့် "အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းဆက်နွယ်မှု တိုးမြှင့်ရေးဆိုင်ရာစီမံချက်"ရေးဆွဲမှုများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေပြု စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားသင့်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်သွားသင့်ကြောင်း ပြသသည့် သင်ခန်းစာတစ်ရပ် ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့်ကျွမ်းကျင်မှုများ မျှဝေခြင်းနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်သွားသင့်ပါကြောင်း၊ နေပြည်တော်တွင် **"အမျိုးသားကူးစက်ရောဂါကာကွယ်ရေးနှင့် လေ့ကျင့်ရေးစင်တာ"**တည်ဆောက်ရန်အတွက် အကူအညီများ ပေးအပ်ခဲ့သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါစင်တာသည် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

**တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်**

**"မဲခေါင်-လန်ချန်း ခရီးသွားလာရေး မြို့တော်များ တည်ထောင်ခြင်း"**၊ **"မဲခေါင်-လန်ချန်း လေကြောင်းခရီးသွားလာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မိတ်ဖက်ထူထောင်ခြင်း"**လုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့် ရာဇဝတ်မှုများသည် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ **"မဲခေါင်-လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန"**က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းညှိနှိုင်းရေးအခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း။

ပတ်ဝန်းကျင်ထိခိုက်မှုသည် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုရှိပြီး ဂေဟစနစ်ကို ယိုယွင်းပျက်စီးစေပါကြောင်း၊ သို့ဖြစ်၍ အေးချမ်းသာယာပြီး ကြံ့ကြံ့ခံနိုင်သည့် လူမှုအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက် ရာသီဥတုဖောက်ပြန်မှုများကို လျှော့ချရန် အတူတကွ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်ကို အလေးထား ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် ပူးတွဲဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ တာဝန်သိအဖွဲ့ဝင်အနေဖြင့်လည်းကောင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အစဉ်တန်ဖိုးထားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၊ စိတ်ဓာတ်များနှင့်အညီ တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်ကို ကတိကဝတ်ပြု ပြောကြားပါကြောင်း ပြောကြားသည်။

**အတည်ပြုထုတ်ပြန်**

အစည်းအဝေးတွင် အနာဂတ်လုပ်ငန်းအစီအစဉ်များအတွက် မူဝါဒလမ်းညွှန်တစ်ရပ်အဖြစ် **"နေပြည်တော်ကြေညာစာတမ်း"**နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အိမ်နီးချင်းကောင်းပီသမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ **"မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)"** နှင့် **" မဲခေါင်-လန်ချန်း တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်"**တို့ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌ တာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။


(၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို အမြဲတမ်းပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်နိုင်ငံနှင့်အတူ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အောင်မြင်စွာ ပူးတွဲထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေပြု စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားသင့်**

❖ **နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့် ရာဇဝတ်မှုများသည် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်**



❒ ပုပ္ပားတောင်မကြီးမှ

အဆိုပါ ပုပ္ပားတောင်တက်ပွဲကို တောင်တက်သူ ၂၅၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ကျောက်ပန်းတောင်းဝန်းကျင်မြို့များဖြစ်သည့် မကွေး၊ ရေနံချောင်း၊ ချောက်၊ စလေ၊ တောင်သာ၊ မိတ္ထီလာ၊ ငါ့သရောက်၊ ညောင်ဦး၊ ပုဂံ၊ ဝဲလောင်၊ ပုပ္ပားလွင်ရွာ၊ ကံဇာတ်ကုန်းရွာ၊ အင်ချောင်းရွာနှင့် ကျောက်ပန်းတောင်းမြို့မှ တောင်တက်ဝါသနာရှင်များ စုပေါင်းတက်ရောက်ခဲ့ခြင်းဖြစ်သည်။

**နေ့စဉ်တောင်တက်သူများရှိ**

တောင်တက်သူအများစုသည် မိတ်ဆွေအပေါင်းအသင်းများနှင့် တက်ရောက်ကြခြင်း၊ မိသားစုလိုက်တက်ရောက်ကြခြင်းများရှိကြကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်မကြီးပေါ်သို့ ဒီဇင်ဘာလတစ်လလုံး နေ့စဉ်တောင်တက်သူများရှိကြောင်း၊ ပုပ္ပားဒေသခံများက တောင်တက်လမ်းတစ်လျှောက် ရေသန့်၊ ကြာဆံဟင်းခါး၊ ခေါက်ဆွဲပြုတ်များ၊ သစ်သီးမျိုးစုံ၊ အကြော်မျိုးစုံကို ရောင်းချကြကြောင်း၊ ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အတွင်း တောင်တက်သူအများဆုံး လာရောက်နိုင်သည့် ရက်များလည်းဖြစ်ကြောင်း သိရသည်။

တောင်တက်သူများသည် အမြင့်ပေ ၄၃၀၀ ခန့်ရှိ နွားလပို့(ဗိုဟ့်)တောင်၊ အမြင့်ပေ ၄၆၀၀ ခန့်ရှိ ဆေးမွှန်တောင်၊ ၄၇၅၅ ပေရှိ စပါးပုံတောင်နှင့် ပုပ္ပားတောင်၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ၄၉၈၁ ပေရှိ မှန်ပြတောင်တို့သို့ တက်ရာက်ကြကြောင်း သိရသည်။

**ဒီပါလင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ခရီးသွားလုပ်ငန်း အထောက်အကူပြု ခရီးစဉ်ဒေသများ လှည့်လည်ကြည့်ရှု၊ ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြပွဲ(၂၀၂၃) တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ရှိ ခရီးသွားလုပ်ငန်းအထောက်အကူပြု ခရီးစဉ်ဒေသများကို လှည့်လည်ကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်တောင် အပန်းဖြေစခန်းသို့ သွားရောက်ပြီး ဒေသ၏ အထင်ကရ ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် နောင်တုံကန်ပတ်ဝန်းကျင်နှင့် ကျိုင်းတုံဟော်နန်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာမုနိဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သက်တမ်းရင့်လက်ဖက်စိုက်ခင်းများတည်ရှိရာ ဝမ်ဆိုင်းကျေးရွာသို့ သွားရောက်၍ ခရီးသွားလုပ်ငန်းအထောက်အကူပြု ခရီးစဉ်ဒေသ တစ်ခုအဖြစ် မြှင့်တင်ဖော်ဆောင်နိုင်ရေး လှည့်လည် ကြည့်ရှုကြပြီး ဝမ်ဆိုင်းဒေသထွက် လက်ဖက်ခြောက်ကို ဒေသအမှတ်အသားအဖြစ် ဈေးကွက်အတွင်း ထိုးဖောက်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကတ်တောင်ကျေးရွာအုပ်စု ဟိုယန်းကျေးရွာရှိ ကျိုင်းတုံရေတံခွန်သို့ သွားရောက်၍ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ရေတံခွန် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး သဘာဝ ပတ်ဝန်းကျင်နှင့် ရေဝေရေလဲဒေသ မထိခိုက်စေရေး မှာကြားကာ ဒေသခံတိုင်းရင်းသားရိုးရာအကအဖွဲ့ အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရှမ်းပြည် နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များ အသင်း (ရွှေတြိဂံဇုန်)တို့ ပူးပေါင်းကျင်းပသော ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစား အစာပြပွဲ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြသ ရောင်းချပွဲတော်ကို ပြည်ထောင်စု ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ် ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည် နယ် (အရှေ့ပိုင်း)၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော လွိုင်မွေဒေသ၌ ချယ်ရီပန်းပွဲတော်ကို ၂၀၂၂ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း၊ ချယ်ရီပန်းပွဲတော်နှင့်အတူ တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချ ပွဲတော်ကို ပထမဆုံးအကြိမ် စတင်ကျင်းပခြင်း ဖြစ်ကြောင်း၊ ယခုပွဲတော်ကို ဒေသ၏ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝကို မြတ်နိုး၍ ချယ်ရီပန်းများအား ရေရှည်ထိန်းသိမ်းစောင့်ရှောက် နိုင်စေရန်၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ အစားအစာများကို ဖော်ထုတ်မြှင့်တင်ပေးရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ် စေခြင်းဖြင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ချယ်ရီ ပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြသ ရောင်းချပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဝန်ဆောင်မှုများနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းများ ဖွင့်လှစ်ပေးမှုများ၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသား ရိုးရာ အစားအစာပြပွဲတွင် ပါဝင်ပြသရောင်းချကြသည့် တိုင်းရင်းသားအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းရင်းသား အဖွဲ့များကိုယ်စား အာခါတိုင်းရင်းသား ကိုယ်စား လှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ က ရိုးရာအကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချနေသည့် ဆိုင်ခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဥယျာဉ်သို့ သွားရောက်၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျိုင်းတုံမြို့ရှိ Keng Tung Resort Hotel ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ နှင့်တွေ့ဆုံ၍ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု များကို ရှင်းလင်းပြောကြားကာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ဒီဇင်ဘာအားလပ်ရက်တွင် လွိုင်လင်တောင် တက်ရောက်သူများပြား



လွိုင်လင် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ လွိုင်လင်တောင်သို့ တက်ရောက်သူများဖြင့် စည်ကား များပြားလျက်ရှိကြောင်း သိရသည်။

ယနေ့သည် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ဖြစ်ရာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်၍ ဌာန ဆိုင်ရာများ၊ ကျောင်းသား ကျောင်း သူများသည် အဖွဲ့လိုက်သော် လည်းကောင်း၊ တစ်ဦး၊ နှစ်ဦး တစ်စု သော် လည်းကောင်း လွိုင်လင် တောင်သို့ တက်ရောက်ကြပြီး တောင်ထိပ်ပေါ်ရှိ စေတီတော် နှစ်ဆူအား ဖူးမြော်ခြင်း၊ ဒီဇင်ဘာလ နံနက်ခင်း၏ တိမ်ပင်လယ်ကြည့်ရှု ခြင်း၊ တစ်နှစ်တာပင်ပန်းခဲ့သမျှကို တစ်ရက်တာ အပန်းဖြေအနားယူ ခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူး ခြင်းများ၊ ကျန်းမာရေးအရ ခြေကျင်တောင်တက်ခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ လွိုင်လင်တောင်သည် လွိုင်လင်မြို့နှင့် ခုနစ်မိုင်ခန့် ကွာဝေးပြီး မော်တော်ကား၊ ဆိုင်ကယ်များဖြင့် တောင်ခြေ အထိ သွားရောက်ပြီးနောက် တောင်ခြေမှ တောင်ထိပ်ပေါ်သို့ ခြေကျင်ဖြင့် မိနစ် ၃၀ ခန့် လမ်းလျှောက် တက်ရသည်။ လွိုင်လင်တောင်သည် အမြင့်ပေ ၆၂၆၂ ပေရှိကာ ဒေသတွင်း အမြင့်ဆုံးတောင်ဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းတစ်ပိဿာ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ် စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၉၈၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်၂၉ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၅-၁၂-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၇-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၉၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလ အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်သည်။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ-ဦးအောင်မြတ်မင်း

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်အခြေပြု ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများအား တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ Studio-A တွင် ရန်ကုန်အခြေပြု ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။



ဦးစွာ တက်ရောက်လာကြသည့်ဝန်ထမ်းများအား "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်"ခေါင်းစဉ်ဖြင့် သတင်းတု/သတင်းမှားများအကြောင်းအရာကိုလည်းကောင်း၊ "နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း Video Clip များဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ/အစိုးရအနေဖြင့် ယခင်အစိုးရအဖွဲ့၏ မဲလိမ်မဲခိုးဖြစ်စဉ်များကြောင့် နိုင်ငံတော်တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ ရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဂ္ဂမဟာဗျူဟာဖြစ်သော အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကိုလည်းကောင်း၊ နိုင်ငံရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကိုလည်းကောင်း မူဝါဒသတ်မှတ်ပြီး မဟာဗျူဟာဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နည်းဗျူဟာဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကိုချမှတ်၍ အကောင်အထည်ဖော်/စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူလသတ်မှတ်လုပ်ငန်းတာဝန်များကို နှုတ်ပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သော ပုံစံဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ နိုင်ငံတော်အဆင့်အခမ်းအနားများကို ထည်ထည်ဝါဝါနှင့် ခမ်းခမ်းနားနားဖြစ်စေရန် ထဲထဲဝင်ဝင်ပါဝင်ပြီး ကြိုးစားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်တာဝန်အရပ်ရပ်ကို ကျရာကဏ္ဍမှပါဝင်ပြီး အားကြိုးမာန်တက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Studio-A မျက်နှာစာရှေ့ Lobby တွင် တွေ့ဆုံပွဲနှင့် ခရစ္စမတ်ပျော်ပွဲရွှင်ပွဲသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများနှင့်အတူ ဆက်လက်တက်ရောက်၍ တေးဂီတဖျော်ဖြေတင်ဆက်မှု၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများပေးအပ်မှုနှင့် စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံမှုတို့ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့သည်။

ထို့ပြင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်း ဒီဇင်ဘာ၂၄ ရက်နှင့် ၂၅ ရက် ညနေနှင့် ညပိုင်းတို့တွင် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းနှင့် တိုင်းရင်းသားရေဒီယိုတို့၌ တာဝန်ထမ်းဆောင်နေကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသား တိုင်းရင်းသူများက ဦးဆောင်၍ ခရစ္စမတ်ဝတ်ပြုကိုးကွယ်ခြင်း၊ ခရစ်ယာန်ဓမ္မတေးများ စုပေါင်းသီဆိုခြင်းများအပါအဝင် တေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး လက်ဆောင်ပေးအပ်ခြင်းများနှင့် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာစီစဉ်ကျင်းပရာ ဘာသာပေါင်းစုံမှ ဝန်ထမ်းများနှင့် မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးကျော် ဒက္ခိဏသီရိမြို့နယ်အတွင်း လျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဒီဇင်ဘာ ၂၃ ရက်တွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ် City Park အားကစားကွင်း၌ ကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲသို့ တက်ရောက်အားပေးပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် အနိုင်ရရှိသည့် အသင်းများအားဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးသင်တန်းကျောင်း (Myanmar Center for Disease Control and Health Staff Training Center) ဓာတ်အားရရှိရေး၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း တည်ဆောက်မှုနှင့် မိုင်တိုင် ၂၀၀ Rest Camp EV Station များသို့ ဓာတ်အားပေးပို့မည့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ လျာထားမြေ နေရာတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

လပွတ္တာ ဒီဇင်ဘာ ၂၅

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်မှော်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက ရွာသစ်ကျေးရွာတွင် ကွန်ကရစ်လမ်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၁၁၁၀၊ အကျယ် ခြောက်ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ဇာတိမာန်ကို ထက်သန်စေသည့်တေး

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံတိုင်း၌ နိုင်ငံတော်သီချင်းများရှိသည်။ နိုင်ငံတော်သီချင်းဆိုသည်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ သာသနာ့ဂုဏ်ကို ကြီးမြင့်အောင် ချီးမြှင့်ရေးစပ်ထားသည့် သီချင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားသီချင်း (ဝါ) ဇာတိမာန်တေးသံဟုလည်း ခေါ်ဆိုနိုင်သည်။ "ငါတို့လူမျိုးကား ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ထည်ထည်ဝါဝါ ခမ်းခမ်းနားနားနေခဲ့သော သခင်မျိုးဖြစ်သည်။ ငါတို့လူမျိုးကား သယံဇာတပေါကြွယ်ဝ၍ မြင့်မြတ်သောနိုင်ငံတွင် နေထိုင်သောလူမျိုးဖြစ်သည်"ဟူသော အချက်အပေါ်တွင်မှီပြီး အမျိုးဂုဏ်မြင့်မားခြင်း၊ မျိုးချစ်စိတ်ထက်သန်ခြင်း၊ လွတ်လပ်မှုကိုမြတ်နိုးခြင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးခြင်း၊ နိုင်ငံတည်ဆောက်ခြင်း၊ အဖျက်ရန်ကိုတော်လှန်ခြင်းစသည်တို့ကို အကြောင်းပြု၍ ရေးဖွဲ့သီဆိုသော တေးသီချင်းများသည် ဇာတိမာန်တေးများပင်ဖြစ်သည်။




ဇာတိမာန်ဟူသည် ပါဠိနှင့် ပါဠိသက်ဝေါဟာရကို ပေါင်းစပ်ထားသည့် စကားလုံးဝေါဟာရပင် ဖြစ်သည်။ ဇာတိသည် ပါဠိစကားဖြစ်၍ မာန်သည် ပါဠိစကား "မာန"မှ ဆင်းသက်လာသည်။ ဇာတိကို လေးမျိုးတွေ့နိုင်သည်– (၁) ပဋိသန္ဓေနေခြင်း သို့မဟုတ် ပဋိသန္ဓေ၊ (၂) အမျိုးအနွယ် သို့မဟုတ် မျိုးရိုး၊ (၃) မွေးဖွားရာအရပ်၊ (၄) မူလဖြစ်ခြင်း၊ အစစ်ဖြစ်ခြင်း သို့မဟုတ် ပကတိ ဟူ၍တွေ့နိုင်သည်။

တေးဟူသည် သီချင်းဖြစ်၍ ဇာတိမာန်တေးသည် ဇာတိမာန်သီချင်းပင်ဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်က နိုင်ငံတော်သီချင်းဟူ၍ မရှိခဲ့ပြား ဘုရင်မင်းမြတ်များ၏ ဘုန်းတန်ခိုးတေဇာ အာဏာကို ချီးကျူးရေးစပ်ထားသော ဘုန်းတော်ဘွဲ့သီချင်းများကို၊ တစ်နည်းအားဖြင့် နိုင်ငံတော်သီချင်း (ဝါ) အမျိုးသားတေးသံဟု မှတ်ယူနိုင်ပေသည်။ ဘုန်းတော်ဘွဲ့သီချင်းများသည် ကိုယ့်နိုင်ငံကိုသော်လည်းကောင်း၊ ကိုယ့်အမျိုး ဘာသာ၊ သာသနာကိုသော်လည်းကောင်း ချစ်ခင်လေးမြတ်လာစေရန် သီကုံးထားသောကြောင့် ဖြစ်သည်။ ပမာအားဖြင့်–

"နန်းဘုံသီဟာဘွေ၊ သဋ္ဌာညောင်ရွှေ၊ ရွှန်းဝေထိန်ပြောင်၊ ညီနောင်ဆက်ကာ၊ ပိုင်စိုးစံတော့တာ။ အို...ဆင်ဖြူဆန္ဒန်၊ ဆက်ပြန်လိုငြား၊ မရှားလိုရာ၊ ဘုန်းတော်တေဇာ၊ ဒေဝါနတ်မောင်၊ ရွက်ဆောင်ကျိုးတော်သာ။ ဘုန်းတော်ကြီး...ထီးတစ်ရာ၊ စကြာစိုးတယ်၊ မိုးဖြဟ္မာ၊ ထူးထွေလာညောင်း၊ ကောင်းခြီးငြာ........"ဟူသည့် ဘုန်းတော်ဘွဲ့သီချင်းပါ စာသားများ၊ တစ်ဖန်–

"မြမန်းဂီရိ သေလာတောင်၊ နန်းတည်ထောင် ဘုန်းရောင်နေသို့လင်း၊ နောင်ညီကို၊ ရွှေဘိုနွယ်တော်ရင်း၊ ရာဆူဆူ ပြည်သူခဝပ်ဆင်း၊ ရွှေဘုန်းတော် နှုန်းလျော်စံပျော်ခင်း၊ တေဇာတိုးလို့ ဖြိုးဝေ၊ မန်းဌာနေ...အောင်ဇေယျာပြည်မင်း....."ဟူသည့် ဘုန်းတော်ဘွဲ့ပါစာသားများသည် မိမိတို့နိုင်ငံ၊ မိမိတို့၏ လက်ရှိအခြေအနေစသည်တို့ကို မီးမောင်းထိုးပြရင်း မိမိတို့ကို အုပ်စိုးသည့် ရာဇာတို့အားလည်းကောင်း၊ မိမိတို့ ရေ မြေ နိုင်ငံကို ချစ်မြတ်နိုးကြစေရန်လည်းကောင်း အမျိုးသားရေး၊ မျိုးချစ်စိတ်တို့ကို လှုံ့ဆော်သည့်တေးများပင် ဖြစ်ခဲ့တော့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှအင်ပါယာအတွင်းသို့ သက်ဆင်းကျရောက်ခဲ့ရသည့်နောက်ပိုင်းတွင် "အကျွန်တို့၏ ဘုရင်ကို ဘုရားသခင် ကာကွယ်စောင့်ရှောက်တော်မူပါ"ဟု အစချီသော ဗြိတိသျှ အမျိုးသားသီချင်း (ဝါ) ဗြိတိန်နိုင်ငံတော်သီချင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံး ပျံ့နှံ့ခဲ့သည်။

**တို့ဗမာသီချင်းသည် မြန်မာတို့၏ အမျိုးသားသီချင်း**

မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် တို့ဗမာအစည်းအရုံးဟူ၍ ပေါ်ပေါက်လာသောအခါ မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသားသီချင်းဟု ဆိုရမည်ဖြစ်သော "တကောင်းအဘိရာဇာ တို့ဗမာ သာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ" ဟု အစချီသည့် တို့ဗမာသီချင်းလည်း ပေါ်ပေါက်၍ လာခဲ့ကြလေသည်။ ယင်းတို့ဗမာသီချင်းကို ရေးစပ်ခဲ့သူမှာ ဝိုင်အမ်ဘီ ဆရာတင်ဖြစ်သည်။ ဝိုင်အမ်ဘီ ဆရာတင်သည် ခေတ်ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ဂီတအနုပညာရှင် ကျောင်းဆရာလည်းဖြစ်သည်။ တို့ဗမာအစည်းအရုံးဝင်ဖြစ်လာသောအခါ သခင်တင်ဟု တွင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် ဆရာတင်အား နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခဲ့သည်။ ဆရာတင်သည် တို့ဗမာအစည်းအရုံးဝင်သခင်များ၏ တာဝန်ပေးတိုက်တွန်းချက်အရ ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တစ်ခေတ်လုံး တို့ဗမာသီချင်းသည် မြန်မာတို့၏ အမျိုးသားသီချင်းအဖြစ် ရပ်တည်ခဲ့လေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်လာသည်။ အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံ ဖြစ်လာသည်နှင့်တစ်ပြိုင်နက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းကြရသည်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇွန်လ ၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော မြန်မာနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးတွင် ဉာဏ်ကိစ္စကို တင်ကြို၍ မြင်းခြံကျေးလက်တောင်ပိုင်းအမတ် ဦးဘဂျမ်းက နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့အတွက် စဉ်းစားထောက်ခံရေးကော်မတီခန့်ရန် အဆိုတင်သွင်းသည်။ ယင်းအဆိုကို လွှတ်တော်တစ်ရပ်လုံးက သဘောတူညီခဲ့ရာ ဒီးဒုတ်ဦးဘချိုအား သဘာပတိအဖြစ်ဖြင့် ဦးဆောင်စေ၍ ကော်မတီကို ဖွဲ့စည်းခဲ့လေသည်။ ကော်မတီလူကြီးများမှာ ဦးအောင်ဇံဝေ၊ ဗိုလ်မှူးအောင်၊ မန်းထွန်းရင်၊ ဗိုလ်အောင်ကြီး၊ ဒေါ်ခင်လှ၊ ဆရာလှမင်း၊ မိုင်းပွန်စော်ဘွားကြီး၊ ဒူးဝါးဇော်လွန်းနှင့် ဦးဝမ်ကိုဟောတို့ ဖြစ်ကြသည်။ ထိုကော်မတီတွင် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သောပညာသည်ကြီးများ ပါဝင်ရန်လိုအပ်သဖြင့် ပန်းချီဆရာ ဦးငွေကိုင်နှင့် ဦးအုန်းလွင်အားလည်းကောင်း၊ ဂီတဘက်ဆိုင်ရာ ဦးဘသန်းနှင့် ဒဂုန်ဆရာတင်အားလည်းကောင်း၊ အသံလွှင့်ဌာနခွဲဆိုင်ရာ ဦးခင်ဇော်နှင့် ဦးထင်ဖတ်အားလည်းကောင်း ထပ်ဖြည့်အဖွဲ့ဝင်များအဖြစ် ခန့်ထားသည်။ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး အထူးအရာရှိ ဦးသိန်းဟန်ကိုလည်း ကော်မတီ၏ အတိုင်ပင်ခံအဖြစ်ထားရှိသည်။

**ဇူလိုင်လ ၁၉ ရက်နေ့**

ထိုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နိုင်ငံတော်လုပ်ကြံမှုကြီးတွင် ကော်မတီ၏သဘာပတိ ဒီးဒုတ်ဦးဘချိုနှင့် ကော်မတီဝင် မိုင်းပွန်စော်ဘွားကြီးတို့လည်း ပါဝင်ကျဆုံးခဲ့ရသဖြင့် သဘာပတိ ဒီးဒုတ်ဦးဘချိုနေရာတွင် သခင်တင်အားလည်းကောင်း၊ မိုင်းပွန်စော်ဘွားကြီး၏နေရာတွင် မိုးမိတ်စော်ဘွားကြီးအားလည်းကောင်း အစားထိုး၍ ခန့်အပ်ခဲ့ကြသည်။ ကော်မတီဝင် ဦးဝမ်ကိုဟောမှာလည်း နုတ်ထွက်သွားသဖြင့် ၎င်းနေရာတွင်ဦးငွန်တိုးအား အစားထိုးခန့်အပ်ခဲ့လေသည်။

ထိုကော်မတီက တို့ဗမာသီချင်းစာသားမှ စကားလုံးများကို ကောက်နုတ်၍ တေးသွားကို မူလအတိုင်း အပြည့်အဝယူကာ နိုင်ငံတော်သီချင်းမူကို တင်ပြကြသည်။ သခင်တင်အမှူးပြုသော ကော်မတီက တင်ပြသည့် နိုင်ငံတော်သီချင်းမူကို ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်အချို့တို့က သီချင်းစာသား အနည်းငယ်ပြင်ဆင်၍ လက်ခံခဲ့ကြလေသည်။ ထိုသီချင်းမှာ–

"အမျိုးသားရေး ကြိုးပမ်းစို့လေ၊ ဒို့ပြည် ဒို့မြေ၊ အရှေ့ကနေဝန်းထွန်းသစ်စပုံသို့ ဒို့ဆောင်သမျှ အောင်ရမည်မှာမလွဲပေ၊ ဒို့ပြည် ဟော့ ဒို့မြေ၊ ဒို့ ပြည်ထေင်စုပေ။ ဒို့တစ်တွေရဲ့ပြေ၊ ဒို့တစ်တွေရဲ့မြေ၊ တိုင်းရင်းသား အမွေ။"

(ကမ္ဘာမကျေ ဗမာပြေ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ)၂ ဒါ ဒို့ပြည် ဒါဒို့မြေ၊ ဒို့ ကိုယ်ပိုင်မြေ၊ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ဒို့ပြေ ဒို့မြေ၊ အကျိုးကို ကာကွယ်သည်ပိုးမလေ၊ ဒို့ ပြည်ထောင်စု အမွေ အဖိုးတန် ဤမြေ ဒို့တာဝန်ပေ။"

နိုင်ငံတော်သီချင်းမူကိုလက်ခံအတည်ပြုရန်အတွက် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံ၏ အဋ္ဌမအကြိမ်မြောက်အစည်းအဝေး၌ တင်ပြဆွေးနွေးကြသည်။ စာမျက်နှာ ၇ သို့ ❍

မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် တို့ဗမာအစည်းအရုံးဟူ၍ ပေါ်ပေါက်လာသောအခါ မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသားသီချင်းဟု ဆိုရမည်ဖြစ်သော "တကောင်းအဘိရာဇာ တို့ဗမာ သာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ" ဟု အစချီသည့် တို့ဗမာသီချင်းလည်း ပေါ်ပေါက်၍ လာခဲ့ကြလေသည်။ ယင်းတို့ဗမာသီချင်းကို ရေးစပ်ခဲ့သူမှာ ဝိုင်အမ်ဘီ ဆရာတင်ဖြစ်သည်။ ဝိုင်အမ်ဘီ ဆရာတင်သည် ခေတ်ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ဂီတအနုပညာရှင် ကျောင်းဆရာလည်းဖြစ်သည်။ တို့ဗမာအစည်းအရုံးဝင်ဖြစ်လာသောအခါ သခင်တင်ဟု တွင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် ဆရာတင်အား နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခဲ့သည်။ ဆရာတင်သည် တို့ဗမာအစည်းအရုံးဝင်သခင်များ၏ တာဝန်ပေးတိုက်တွန်းချက်အရ ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တစ်ခေတ်လုံး တို့ဗမာသီချင်းသည် မြန်မာတို့၏ အမျိုးသားသီချင်းအဖြစ် ရပ်တည်ခဲ့

# ပို့ကုန်ရငွေများ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်ရမည့်ကာလ ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃**
၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် (၆-၅-၂၀၂၂) ရက်စွဲပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၂) တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို နိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရေး ဆောင်ရွက်ရာတွင် အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ (၄၅) ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ရက်ပေါင်း (၉၀) အတွင်းလည်းကောင်း ပြန်လည်ဝင်ရောက်ရန် သတ်မှတ်ထားပါသည်။

၂။ ပို့ကုန်ရငွေများအား ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလကို အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင် (၄၅) ရက်အစား (၃၀)ရက်သို့ လည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင်(၉၀)ရက်အစား (၆၀) ရက်သို့လည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရအရေးယူခြင်းခံရမည်။

(သန်းသန်းဆွေ)
ဥက္ကဋ္ဌ

## တရုတ်နိုင်ငံတွင်ပြုလုပ်သည့် လက်ဖက်ပြပွဲတွင် မြန်မာနိုင်ငံထုတ်ကုန်လက်ဖက်ခြောက်က ရွှေတံဆိပ်ရရှိ



ရန်ကုန် ဒီဇင်ဘာ ၂၅

တရုတ်နိုင်ငံတွင်ပြုလုပ်သည့် လက်ဖက်ပြပွဲကြီးတွင် မြန်မာနိုင်ငံမှ လုပ်ငန်းထုတ်ကုန် လက်ဖက်ခြောက်က ရွှေတံဆိပ်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံ Shenzhen မြို့တွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ခဲ့ပြီး နိုင်ငံတကာမှ ပြခန်းပေါင်း ၄၇၀၀ ကျော် ပါဝင်ပြသခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲများတွင် အကြီးဆုံးပြပွဲများထဲမှ တစ်ပွဲဖြစ်သည့် Global Tea Fair Shenzhen (Autumn) 2023 ပွဲသို့ မြန်မာနိုင်ငံ လက်ဖက်အသင်းမှ အသင်းဝင်ကုမ္ပဏီများ သွားရောက်ပြသခဲ့သည်။

ပြပွဲတွင် Bio-trade Project ၏ အကူအညီဖြင့် မြန်မာကိုယ်စားပြု ပြခန်းပေါင်းခုနစ်ခန်းဖြင့် မြန်မာ့လက်ဖက်ယဉ်ကျေးမှုကိုဖော်ထုတ်ရန် ရည်ရွယ်၍ အသင်းဝင်လုပ်ငန်းများ၏ မြန်မာ့လက်ဖက်ပုံစံမျိုးစုံကို ခင်းကျင်းပြသခြင်းဖြစ်သည်။

မြန်မာ့လက်ဖက်အသင်းဝင်တစ်ဦးဖြစ်သည့် TGT Tea Co., Ltd. မှ ဦးမောင်လွင်က Shenzhen ပွဲ၏ အစဉ်အလာတစ်ခုဖြစ်သော လက်ဖက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်၍ အထူးရွှေတံဆိပ်ဆုကို ရရှိခဲ့ကြောင်း အဆိုပါအသင်းက ထုတ်ပြန်ထားသည်။

ယခုဆုမှာ TGT Tea ၏ Jade Leaf လက်ဖက်ခြောက်အနေဖြင့် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင် ထူးခြားစွာဖြင့် အထူးရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ပြီး ကြယ်ငါးလုံးနှင့်ညီမျှသည့်ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**သစ်တော်**

○ စာမျက်နှာ ၆ မှ

ယင်းသို့ဆွေးနွေးရာတွင် မန္တလေးမြို့အနောက်တောင်ပိုင်းအမတ် ဗိုလ်ခင်မောင်လေးက ပြင်ဆင်ချက်တင်သွင်း၍ မြန်အောင်ဦးတင်က ထောက်ခံခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်သီချင်းမူမှာ ဝိုင်အမ်ဘီ ဆရာတင်၏ မူလတေးသွားအတိုင်းပင်ဖြစ်သော်လည်း သီချင်းစာသား၌ ပြင်ဆင်ချက်များ ပါဝင်ခဲ့ရပြန်လေသည်။ သို့သော် အဆိုပါပြင်ဆင်ချက်ကိုပင် လွှတ်တော်တစ်ရပ်လုံးက လက်ခံအတည်ပြုခဲ့သည်။အတည်ပြုခဲ့သော နိုင်ငံတော်သီချင်းသည် နိုင်ငံရေးလှိုင်းလုံးများအကြားဝယ် ယနေ့တိုင် ခိုင်မြဲတည်ရှိနေဆဲဖြစ်သည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁၃)၊ ပုဒ်မ ၄၃၉ (က)တွင် "နိုင်ငံတော်သီချင်းအဖြစ် အောက်ဖော်ပြပါ လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်"ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည် - တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်၊ တို့ပြည်- တို့မြေ၊ ပြည်ထောင်စုအမွေ-အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ- ထိန်းသိမ်းစို့လေ။

(ကမ္ဘာမကျေ- မြန်မာပြည် xxx တို့ဘိုးဘွားအမွေစစ်မို့- ချစ်မြတ်နိုးပေ)၂ xxxပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ xxx ဒါတို့ပြည်- ဒါတို့မြေ တို့ပိုင်နက်မြေ xxx တို့ပြေ တို့မြေ အကျိုးကို ညီညာစွာတို့တစ်တွေ ထမ်းဆောင်ပါစို့လေ xxx တို့တာဝန်ပေ၊ အဖိုးတန်မြေ။

**အကြောင်းအရာနှင့် ပုံသဏ္ဍာန်နှစ်ရပ်စလုံး**

တေးဂီတဟူသည်မှာ အနုပညာတစ်ရပ်ပင်ဖြစ်သည်။ မည်သည့်အနုပညာရပ်တွင်မဆို စံမီသော အနုပညာပစ္စည်းတစ်ခုဖြစ်လာရန်အတွက် အကြောင်းအရာနှင့် ပုံသဏ္ဍာန်နှစ်ရပ်စလုံး ကောင်းမွန်ပြီး အကြောင်းအရာရော ပုံသဏ္ဍာန်ပါ အချိုးအစားကျကျ လိုက်ဖက်ညီထွေရှိရန် လိုအပ်လေသည်။ သို့မှသာ အနုပညာမြောက်မည်ဖြစ်ပါသည်။ အနုပညာမြောက်မှသာ သီဆိုသူတိုင်း၏ နားထဲ၊ နှုတ်ထဲတွင် စွဲမြဲခိုင်ကျည်နေမည် ဖြစ်ပါသည်။

အနုပညာသည် သာယာမှုသဘောသက်သက်ဖြင့် အဆုံးသတ်နေသည်မဟုတ်ပေ။ အနုပညာသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကာ စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် သူကလည်း ဖွံ့ဖြိုးတိုးတက်လာလေသည်။ အနုပညာသည် လက်ရှိဘဝကိုဖွဲ့သည်။ လူ့လောကကြီး၏ အခြေအနေများကို ဖော်ပြသည်။ ယင်းမှတစ်ဖန် လူတို့၏စိတ်ကို နိုးကြားလာအောင်၊ တက်ကြွလာအောင် လှုံ့ဆော်ပေးသည်။ တော်စတွိုင်းက "အနုပညာသည် လူအများကို ညီညွတ်ပေါင်းစည်းစေရာနည်းလမ်းဖြစ်သည်"ဟု ရေးဖူးသည်။ အနုပညာက ဆက်သွယ်ဖော်ကျူးလိုက်သော ခံစားမှုကို အတူတကွခံစားကြကာ နီးစပ်ပေါင်းစည်းမိလာခြင်းသဘောကို ဆိုလိုခြင်းဖြစ်သည်။ ပလက်ကင်းနော့ကလည်း "အနုပညာသည် လူအများအား စုစည်းရာနည်းလမ်းတစ်ခု"ဟု ပြောပြခဲ့သည်။ "ဒို့ဗမာ" သီချင်းမှာ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ကို နိုးကြားအောင် လှုံ့ဆော်နိုင်စွမ်းရှိသည်။ ပြည်သူတို့မှာ အဆိုပါသီချင်းကို သီဆိုရင်း ကြက်သီးမွေးညင်းထခဲ့ကြသည်။ ပြည်သူတို့မှာ လွတ်လပ်ရေးရရှိရန် အလို့ငှာ တိုက်ပွဲဝင်လာကြသည်။ လွတ်လပ်ရေးရရှိရန်ဟူသည့် ခံစားမှုပါသောကြောင့် ဖြစ်သည်။

ဇာတိမာန်တေးမည်သော နိုင်ငံတော်သီချင်းတွင် ပီပြင်သော၊ အနုပညာမြောက်သော၊ စံမီသောဇာတိမာန်တေးဖြစ်လာရန် အကြောင်းအရာရော ပုံသဏ္ဍာန်ပါ ကောင်းမွန်နေသည်ကိုတွေ့ရသည်။ အကြောင်းအရာဟူသည်မှာ တွေးခေါ်ယူဆပုံ မှန်ကန်ခြင်းနှင့် စာသားပီပြင်ပြောင်မြောက်ခြင်းပင်ဖြစ်ပြီး ပုံသဏ္ဍာန်ဟူသည်မှာ သံစဉ်တေးသွားဖွဲ့စည်းပုံ ပြေပြစ်သာယာညက်ညောခြင်းပင် ဖြစ်သည်။

**နိုင်ငံသားတိုင်းလိုလားသောဆန္ဒ**

၁၉၄၇ ခုနစ် တိုင်းပြုပြည်ပြုလွှတ်တော်သည် မြန်မာ့နိုင်ငံရေးကို အရှည်မြော်တွေးခဲ့ကြောင်း နိုင်ငံတော်သီချင်း၏စာသားပါ စကားလုံးတစ်လုံးချင်းစီက ပြောပြနေပေသည်။ တရားမျှတခြင်း လွတ်လပ်ခြင်းသည် နိုင်ငံသားတိုင်းလိုလားသောဆန္ဒဖြစ်သည်။ တရားမျှတခြင်းရှိမှသာလျှင် စိတ်သည် တည်ငြိမ်အေးချမ်းနေမည်ဖြစ်သည်။ လွတ်လပ်ခြင်းရှိမှသာလျှင် ကိုယ်သွားတိုင်းစိတ်ပါကာ သာယာချမ်းမြေ့မည်ဖြစ်လေသည်။ နိုင်ငံတော်ဟူသည့်မျက်နှာကို မကြည့်သရွေ့ အယူအမျိုးမျိုးရှိကြမည်ဖြစ်သည်။ တိုင်းရင်းသားတို့၏ မူလရင်းခံစိတ်ထားကို စဉ်းစားမပေးနေသရွေ့ အယူအမျိုးမျိုးဖြင့် စခန်းသွားနေကြမည်ဖြစ်သည်။ နိုင်ငံတော်၊ တိုင်းပြည်နှင့် လူမျိုးတို့၏ အရေးကို စဉ်းစားတွေးတောပေးလာပါက အယူစင်ကြယ်သွားလိမ့်မည်ဖြစ်သည်။ အယူရှိခြင်း၊ မရှိခြင်းကို လက်ခံပေးနိုင်သော်လည်း အယူဖြူစင်မှသာလျှင် နိုင်ငံအားလုံး တူညီသောအခွင့်အလမ်း၊ အင်အားများသူက အင်အားနည်းသူကို နိုင်ထက်ကလူ ပြုမူသည့်ကိစ္စများ ချုပ်ငြိမ်းသွားမည်ဖြစ်သည်။

**နိုင်ငံကို ရေရှည်ခိုင်မြဲနေရန် အမွေဆက်ခံသူတို့ သိသင့်**

အမွေဟူသည် မိဘ၊ ဘိုးဘွားစသည်တို့ထံမှ ဆက်ခံရရှိသော ပစ္စည်းဥစ္စာ၊ ဆက်ခံရရှိသော ပညာစသည်တို့ကို ခေါ်ခြင်းဖြစ်သည်။ ဘိုးဘွားဟူသည်မှာ မိမိ မိဘနှစ်ပါး၏ အဖေနှင့်အမေတို့ပင်ဖြစ်သည်။ ဘိုးဘွားအစဉ်အဆက်တစ်လျှောက် ဆက်ခံထိန်းသိမ်းသယ်ဆောင်လာသည့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ခွင့်တူညီမျှခြင်း၊ ဝါဒအယူဖြူစင်ခြင်းတို့ကို မိမိတို့ သားမြေးများက မလွဲမသွေဆက်ခံရမည်ဖြစ်သည်။ ဆက်ခံသည့်အရာတို့သည်လည်း တည်တံ့စေရန် အရေးကြီးသည်။ "တည်"ဟူသည် မြို့ ရွာ နိုင်ငံတိုက်တာကို တည်ထောင်ထားခြင်းပင်ဖြစ်သည်။ "တံ့"ဟူသည် ခိုင်မြဲခြင်းသဘောကိုဆောင်လေသည်။ ဘိုးဘေးတို့ တည်ထောင်ထားခဲ့သည့်နိုင်ငံကို ရေရှည်ခိုင်မြဲနေရန် အမွေဆက်ခံသူတို့ သိသင့်သည်။ "အဓိဋ္ဌာန်ပြုခြင်း"သည် စိတ်ကို အခိုင်အမာဆောက်တည်ခြင်းဖြစ်သည်။ ထိန်းသိမ်းမည်ဟူသော စိတ်ကို အခိုင်အမာဆောက်တည်ကြရန် တိုက်တွန်းပါသည်။ "ထိန်း" ခြင်းသည် ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အဘိုးတို့ အဘွားတို့ တည်ထောင်ထားခဲ့ကြသည့် ရေ၊ မြေ၊ တော၊ တောင်၊ အချုပ်အခြာအာဏာကို ထိန်းသည့်သဘောဖြင့် ကြည့်ရှုစောင့်ရှောက်ရမည်ဖြစ်သည်။ ကြည့်ရှုစောင့်ရှောက်ရုံသာမက တည်တံ့ခိုင်မြဲစေရန်လည်း သိမ်းဆည်းရမည်ဖြစ်သည်။ "သိမ်း" ခြင်းသည် လုံခြုံအောင်ထားခြင်းပင်ဖြစ်သည်။ သို့ကြောင့် ထိန်းသိမ်းခြင်းသည် လုံခြုံအောင်ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ လုံခြုံအောင်ကြည့်ရှုစောင့်ရှောက်မည်ဟူသည့် ခိုင်မြဲသောစိတ်ကို မွေးမြူကြရန် ယခင်ရေးကတည်းက တိုက်တွန်းခဲ့သည်။ လိုအပ်ချက်အရဖြစ်သည်။ အမြဲလိုအပ်နေမည်ဖြစ်သည်။

သီချင်း၏ ခြေဆင်းပြီးသည်နှင့် ကမ္ဘာမကျေ မြန်မာပြည်ဟူ၍ စတင်သီဆိုကြသည်။ စကားလုံးတစ်လုံးချင်းစီသည် များစွာသက်ရောက်သည်။ "ကျေ" ဟူသည် ပျောက်ပျက်သွားသည်၊ ပြေငြိမ်းပြီးပြတ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာကြီးမပျောက်ပျက်သွားသရွေ့ တည်ရှိနေရမည်။ ကမ္ဘာတည်သရွေ့ မြန်မာဟူသည် ရှိနေရမည်ဟူသည့် ကြက်သီးဖြန်းဖြန်းထလောက်အောင် စကားလုံးတို့ဖြင့် စတင်ဖွင့်လှစ်ပြလာသည်။

မြန်မာနိုင်ငံ၏ သမိုင်းရေလှိုင်းသည် ထန်လွန်းလှသည်။ တင်ပြပါ ဇာတိမာန်တေး(ဝါ) ဇာတိမာန်သီချင်းအတိုင်း အဓိဋ္ဌာန်မြောက်နိုင်ရန် ဒို့တာဝန်အရေးသုံးပါးသည် လိုအပ်လာတော့သည်။ ဒို့တာဝန် အရေးသုံးပါးသည် ဇာတိမာန်တေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်လာခဲ့တော့သည်။ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တို့လည်း ပိုမိုခိုင်မြဲကြသင့်သည်။ သီချင်းစာသား အကြောင်းအရာက မျိုးချစ်စိတ်ထက်သန်စေသောစိတ် ပေါ်ထွန်းစေသော စာသားများဖြစ်ပြီး ပုံသဏ္ဍာန်ပိုင်းက တေးသွားသံစဉ် ဆန်းသစ်နက်နဲလှသည်။ ထိုနှယ်ခိုင်ကျည်လှသဖြင့် တင်ကျန်ရစ်ခဲ့သော ဇာတိမာန်သီချင်းကို ရင်မှလာသော စေတနာများဖြင့် ဟစ်ကြွေးသီဆိုနေသင့်သည်။ ဟစ်ကြွေးသီဆိုရင်း ဇာတိမာန်တေးသည် အနာဂတ်ကာလများတိုင် မယိမ်းမယိုင်တည်တံ့နေမည်ဖြစ်သည်။ ယင်းသည် နိုင်ငံသားတိုင်း ဆက်ခံရမည့် အမွေသာ ဖြစ်ပါတော့သတည်း။ ။

**မှီငြမ်း–**

**၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၆)(စာပေဗိမာန်)**
**၂။ မြန်မာအဘိဓာန်(မြန်မာစာအဖွဲ့)**
**၃။ ဇာတိမာန်တေးစာတမ်းများ(စာပေဗိမာန်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ အဆင့်မြင့်ပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများနှင့် အလျားခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဆုရရှိကြသော အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**




# နေကြာပန်းကဏန်းပျော့မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ကျောက်တန်းမြို့နယ် နေကြာပန်း ကဏန်းပျော့မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား (ကဏန်းမွေးမြူရေးဇုန်)ရှိ နေကြာပန်း ကဏန်းပျော့မွေးမြူရေးစခန်း၏ ဧည့်ခန်းမတွင် တာဝန်ရှိသူများက ၂၀၀၉ ခုနှစ်မှစ၍ ယနေ့အထိ လုပ်ငန်းများလုပ်ကိုင်နေမှု၊ လိုအပ်သောရေကို မော်ဝန်းမြစ်ကယူ၍ ကဏန်းပျော့မွေးမြူနိုင်ရန် ပြန်လည်ပြုပြင်ပြီး လုပ်ငန်းများလုပ်ကိုင်နေမှု၊ ကဏန်းပျော့မွေးမြူရေးကန် ငါးကန်တွင် အကောင်ရေ ၁၀ သိန်းမွေးမြူထားရှိပြီး တစ်လလျှင် ကဏန်းပျော့ကောင်ရေ ၂၆၀၀၀ (တန်အားဖြင့် နှစ်တန်ခန့်)ထုတ်လုပ်နိုင်ကြောင်း၊ ကိုရီးယား၊ သြစတြေးလျ၊ EU နိုင်ငံများ အစရှိသည့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုများနှင့် ပြည်တွင်း၌ဖြန့်ချိရောင်းချနေမှုများကိုလည်းကောင်း၊ ကဏန်းများ ပြန်လည်မွေးမြူရာတွင် အကောင်ငယ်အဖြစ်မှ သုံးလအတွင်း ရှင်သန်ကြီးထွားမှုအပါအဝင် ကဏန်းပျော့မွေးမြူခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဏန်းပျော့မွေးမြူရေးကန်များအတွင်း အရေခွံလဲပြီး ကဏန်းများ ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သေကျေပျက်စီးဆုံးရှုံးသွားသည့် ကဏန်းပျော့များဖြင့် ကဏန်းအမိုင်နိုအော်ဂဲနစ် အသီး၊ အရွက်အတွက် ရွက်ဖျန်းအားဆေးရည်နှင့် သဘာဝမြေဆီလွှာပြုပြင်ဆေး ထုတ်လုပ်နေမှု၊ ဈေးကွက်သို့ တင်ပို့ရောင်းချရန် ပါကင်ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဥပဒေကို တာဝန်ယူအကောင်အထည်ဖော်သူများကိုယ်တိုင် ဥပဒေကိုလေးစားလိုက်နာ

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက ကြီးမှူးကျင်းပသော ဥပဒေရေးရာစာတမ်းဖတ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဥပဒေကို တာဝန်ယူအကောင်အထည်ဖော်သူများကိုယ်တိုင် ဥပဒေကိုလေးစားလိုက်နာပြီး ပြည်သူအားလုံးက ဥပဒေကိုလေးစားလိုက်နာ ကျင့်သုံးစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိစေရန် ဥပဒေဖောက်ဖျက်ကျူးလွန်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန်မှာ ပြည်သူတစ်ဦးချင်းစီက ပြဋ္ဌာန်းထားသော ဥပဒေများကို သိရှိလိုက်နာ၍ ဥပဒေပါအခွင့်အရေးများကို ရရှိစေရန်ဖြစ်သကဲ့သို့ ပြဋ္ဌာန်းထားသော ဥပဒေများကို ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ဥပဒေကို ပြည်သူများသိရှိလိုက်နာပြီး ဥပဒေပါအခွင့်အရေးများကို ရရှိနိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူအများ ယုံကြည်ကိုးစားလာပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အမှုများစစ်ဆေးရာတွင် မှန်မှန်နှင့်မြန်မြန် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ချိန်အတွင်း အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ တရားရုံး၊ ဥပဒေရုံးများ၊ တရားစွဲအဖွဲ့အစည်းများ၊ တရားလွှတ်တော်ရှေ့နေများ၊ အခြားဆက်စပ်အဖွဲ့အစည်းများ စုပေါင်း၍ ညီညီညွတ်ညွတ် ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေက စာတမ်းဖတ်ကြားရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ခရိုင်အလိုက်တင်ပြသည့် ဥပဒေရေးရာစာတမ်းများတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရန်ကုန်-ပုသိမ် လမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုနှင့် ရန်ကုန်-ပုသိမ် လမ်းဘေးရေစုကန်ရေမြောင်း မြောက်ဘက်ခြမ်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ညောင်တုန်းလမ်းမကြီး ထပ်မံတိုးချဲ့နိုင်ရန် ပန်းခြံနှင့် လမ်းမကြီးအကြား အုတ်ရေမြောင်းပြုလုပ်၍ မြေညှိပြုပြင်ရန် မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် (၅) ရပ်ကွက်ရှိ ရွာဝတီပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုနှင့် လမ်းတစ်လျှောက် သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးသားများ မြေညှိပြုပြင်ရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဘုရင့်နောင်တံတားအောက်သို့ သွားရောက်၍ ပန်းခြံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ယိုးဒယားဘဲစားမြက်ခင်းနှင့် ခရေပင်များ စိုက်ပျိုးနေမှု၊ ပန်းခြံပတ်လမ်းများ ဖောက်လုပ်ရန် ကွန်ကရစ်လမ်းနှင့် Interlock လမ်းများ ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘုရင့်နောင်တံတားအောက် ပန်းခြံဘေး ဆိပ်ကမ်းသာလမ်းရှိ လှိုင်မြစ်အတွင်းသို့ စီးဝင်သည့် ညောင်ချောင်းရေတံခါးနှင့် ရှမ်းချောင်းရေတံခါး ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ အများပြည်သူ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရန် တံတားအောက်မြေလွတ်နေရာတွင် အားကစားကွင်းများ လုပ်ဆောင်ပေးရန်နှင့် ပန်းခြံမြေယာရှုခင်းအလှ ပေါ်လွင်စေရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနား တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၂၅**

Good News Church (Mandalay)က ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ Good News Church (Mandalay)မှ သိက္ခာတော်ရဆရာတော် ဦးခွန်ထူးနှင့် တာဝန်ရှိသူများ၊ အသင်းသူအသင်းသားများ၊ ခရစ်ယာန်ဘာသာဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရစ္စမတ်ပွဲတော်အခါသမယနေ့တွင် ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွှဲရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်များနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားဖြင့် ငြိမ်းချမ်းသာယာရှိကြပါစေ၊ ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာအဖြာဖြာ ခံစားနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ကြောင်း ပြောကြားသည်။

ထို့နောက် Good News Church (Mandalay)မှ သိက္ခာတော်ရဆရာတော် ဦးခွန်ထူးက မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံး ကောင်းချီးမင်္ဂလာများ ရရှိရန် မေတ္တာပို့သဆုတောင်းပေးပြီး ခရစ္စမတ်နေ့ အကြောင်း ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် Good News Church (Mandalay)မှ ခရစ်ယာန်ဘာသာဝင်လူငယ်များ၏ ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်း၊ ခရစ္စမတ်တေးသီချင်းများဖြင့် ဂုဏ်ပြုတင်ဆက်ခြင်းများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခရစ်တော်မွေးနေ့ (ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များ၊ ဆရာတော်များ၊ လူငယ်အဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး ခရစ်တော်မွေးနေ့ (ခရစ္စမတ်နေ့) ကျေးဇူးတော် ချီးမွမ်းခြင်းအထိမ်းအမှတ်ဧည့်ခံသည့် လန်းဆန်းစာများကို အတူတကွ သုံးဆောင်ကြသည်။




**သတင်းစဉ်**

# ခိုလမ်မြို့ရှိ ခရစ်ယာန်အသင်းတော်များ၌ ခရစ္စမတ်ပွဲတော် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်ယာန် ဘာသာဝင်တို့၏ အထွတ်အမြတ်ပွဲတော်ဖြစ်သည့် ခရစ္စမတ်ပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ခရစ်ယာန်အသင်းတော်များ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရစ်ယာန် အသင်းတော်မှ သင်းအုပ်၊ ဓမ္မဆရာများ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ခရစ္စမတ်ပွဲတော်ကို ခရစ်ယာန်ဘာသာဝင်လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းဖွင့်လှစ်ကြသည်။ ထို့နောက် လူမျိုးပေါင်းစုံ ခရစ်ယာန်အသင်းတော်၏ သိက္ခာတော်ရ ဆရာတော် ဦးကျော်အောင်နှင့် ကက်သလစ် ခရစ်ယာန် ဂေါပကအဖွဲ့ဝင် ဦးဒေါမနစ်တို့က ခရစ္စမတ်သဝဏ်လွှာကို ဖတ်ကြားကြသည်။ ယင်းနောက် တိုင်းမှူးက ခရစ္စမတ်နေ့အထိမ်းအမှတ် ဂုဏ်ပြုငွေများ ပေးအပ်ရာ သက်ဆိုင်ရာကျောင်းများရှိ သိက္ခာတော်ရ ဆရာတော်များက လက်ခံရယူကြသည်။

ဆက်လက်၍ လူမျိုးပေါင်းစုံ ခရစ်ယာန်အသင်းတော်များ အဖွဲ့နှင့် ခရစ်ယာန်ဘာသာဝင် စစ်သည်၊ မိသားစုဝင်များက ဓမ္မသီချင်းများ၊ ခရစ္စမတ် ဆုတောင်းသီချင်းများဖြင့် သီဆိုခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

# ဟိုပုံးမြို့နယ်၌ ခရစ္စမတ်နေ့ ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့ဦးရပ်ကွက်ရှိ နှစ်ခြင်းအသင်းတော်မိသားစုတို့၏ ခရစ်ယာန်ကျောင်းဝင်း၌ ခရစ္စမတ်နေ့ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဝတ်ပြုဆုတောင်းခြင်းများပြုရာတွင် ဟိုပုံးမြို့တပည့်တော်မိသားစုမှ သင်းအုပ်ဆရာကဦးဆောင်၍ ဟိုပုံးမြို့ရှိအသင်းတော်မိသားစုများနှင့်အတူ ပဏာမကျမ်းစာဖတ်ကြားခြင်း၊ လူငယ်ဂုဏ်ပြုတေးသီချင်းများသီဆိုကြခြင်း၊ တရားဒေသနာတော်ဖတ်ကြားခြင်း၊ ဓမ္မဒေသနာတော်များဖတ်ကြားခြင်း၊ မေတ္တာပို့ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများ စုပေါင်းသီဆို ကြခြင်း၊ ခရစ်တော်အား ကျေးဇူးတော်ချီးမွမ်းကြခြင်းနှင့် ကောင်းချီးမင်္ဂလာပေးဆုတောင်းခြင်းများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့်ဇနီး၊ အရာရှိကြီးများနှင့် ဇနီးများ၊ ခရစ်ယာန်ဘာသာဝင်အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုဝင်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ခရစ္စမတ်နေ့အထိမ်းအမှတ် နေပြည်တော်ရှိ ခရစ်ယာန်ဘုရားကျောင်းနှင့် အသင်းတော်များ၌ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ စိတ်အေးချမ်းသာစွာ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ယနေ့သည် ယေရှုခရစ်တော် ဖွားမြင်တော်မူသည့် နေ့ကို အထိမ်းအမှတ်ပြုသည့် ခရစ္စမတ်နေ့ဖြစ်သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များသည် သက်ဆိုင်ရာ ခရစ်ယာန် ဘုရားကျောင်းများအလိုက် ဝတ်ပြုဆုတောင်းခြင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းတို့ကို ဆောင်ရွက်ကြပြီး ညပိုင်းတွင် ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင် ထွန်းညှိကြသည်။



ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိန့်မိုင်ကယ်ကက်သလစ်ဘုရားကျောင်း၊ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်နှင့် အခြားခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ်ယာန်ဘာသာဝင်များသည် ခရစ္စမတ်နေ့ အခါသမယအခမ်းအနားကို အဖွင့်မေတ္တာပို့ဆုတောင်း၍ ဖွင့်လှစ်ပေးကာ ဓမ္မသီချင်းများကို စုပေါင်းသီဆိုချီးမွမ်းကြသည်။

ထို့နောက် ခရစ်ယာန်ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရ ဆရာတော်များနှင့်အတူ ခရစ်ယာန်ဘာသာဝင်များသည် သမ္မာကျမ်းစာဖတ်ကြားပြီး မေတ္တာပို့ဆုတောင်းခြင်းများ ဆောင်ရွက်ကြကာ ကျေးဇူးတော်ချီးမွမ်းခြင်းအထိမ်းအမှတ် မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ကြသည်။

ထို့ပြင် ခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ဓမ္မတေးသီဆိုမှုများ၊ အပြန်အလှန်လက်ဆောင်ပေးခြင်း အစီအစဉ်များ ဆောင်ရွက်ကြပြီး ညပိုင်းတွင် ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိ၍ ခရစ်တော်မွေးနေ့ကို ပျော်ရွှင်စွာဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်**
**ဓာတ်ပုံ - ကိုကိုအေး**

# မက်မန်းမြို့၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**မက်မန်း ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ ကွန်ဟောင်းကျေးရွာ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မက်မန်းမြို့နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအနေဖြင့် ဒေသခံပြည်သူများနှင့်အတူ ခရစ္စမတ်နေ့အား အေးချမ်းပျော်ရွှင်စွာဖြင့် ဆုတောင်းဝတ်ပြုခြင်းများ ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာ ရုံးများနှင့် ရပ်ကွက်အတွင်းရှိ နေအိမ်များအား ကောင်းချီးမင်္ဂလာဆုတောင်းသီချင်းများ လိုက်လံသီဆိုခြင်း၊ မိတ်ဆွေသင်္ဂဟများအား ထမင်းဟင်းများ ဧည့်ခံကျွေးမွေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် ဆုများချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ခရစ္စမတ်နေ့တွင် ပျော်ပွဲရွှင်ပွဲအဖြစ် တေးသီချင်းများ သီဆိုခြင်း၊ အပြန်အလှန်လက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းများဖြင့် ခရစ္စမတ်နေ့အား ပျော်ရွှင်စွာဆင်နွှဲခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နတ်လသဘင်ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး (၃)

## တက္ကသိုလ်မြတ်သူ

ကိုလိုနီ(သူ့ကျွန်) ခေတ်တွင် မြန်မာတို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး အတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့ကြရာ၌ စာပေသမားများက စာပေဖြင့်၊ သတင်းသမားများက သတင်းဖြင့် ရေးသားတိုက်ပွဲဝင်ခဲ့ကြပေသည်။ ရတနာပုံမြို့တော်ကို နယ်ချဲ့အင်္ဂလိပ်တပ်များ တက်သိမ်းရာ၌ နန်းတွင်းမှ တော်ဝင်သုံး ရွှေငွေစိန်ကျောက်ပတ္တမြားစီ အသုံးအဆောင်များ၊ မင်းတုန်းမင်းကြီးက အလောင်းဘုရားမှအစပြုသော ကုန်းဘောင်မင်းဆက်များမှ ဘုရင်များ၊ မိဖုရားများ၏ ရွှေသားရုပ်တုကြီးများ သွန်းထုပူဇော်ထားသည်။ ရုပ်တုငယ် ရှစ်စုံလည်းရှိသည်။ အင်္ဂလိပ်တို့က ထိုရွှေရုပ်တုအားလုံး ဓားမြတိုက်သလို လုယက်ယူသွားခဲ့သည်။ သီပေါမင်းနှင့် မိဖုရား၊ သားတော်၊ သမီးတော်များကို ကြက်ကလေး ငှက်ကလေးများ ဖမ်းသလို ဖမ်းသွားခဲ့သည်။

**ရဟန်းစာဆို၊ လူစာဆိုတို့က ကဗျာလင်္ကာများဖြင့် ထိုးနှက်**

ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်အလိုတော်ရိစကားပြန် မောင်ဘသန်းတို့လို အမျိုးသစ္စာဖောက်၊ နယ်ချဲ့ဒူးထောက်များကို ရဟန်းစာဆို၊ လူစာဆိုတို့က ကဗျာလင်္ကာများဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က နယ်ချဲ့ဆန့်ကျင်ရေး၊ နယ်ချဲ့တိုက်ဖျက်ရေး ကဗျာအချို့ကို ကောက်နုတ်တင်ပြပါရစေ။ နယ်ချဲ့တို့က မြန်မာနန်းတော်ဝင်စီးပြီး ရွှေငွေစိန်ကျောက်ပတ္တမြားရတနာများကို အလုအယက်ယူကာ နယ်ချဲ့ကြီးများက မြန်မာ့ဦးစွန်းကိုချိုးနှိမ်ရန် စီစဉ်နေချိန်၌ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက ဤသို့ကဗျာဖြင့် ထိုးနှက်တော်မူခဲ့သည်–

မကြုံကောင်း ကြုံကောင်းတဲ့ကြုံလာ၊
မြန်တိုင်းနေ သရေန္ဒမ်းရန်ဖို့၊
နန်းပြည်ကုန်ခြေသိရ်ညစ်တဲ့ပြင်၊
မန်းရွှေဘုံ ရေတိမ်နစ်ခဲ့တယ်ဗျာ၊
(အမလေး)ဆိုးခေတ်ခိုက်ခါ။
သတ္တဝါရှင် လူမျိုးငယ်တို့၊
ပူညှိုးဖို့ ခေတ်ဖန်လာ၊
ဩော်....ကံသာ ပဲဆိုယူကျုံး။
ပြည်လုံးငယ်မှောင်သလေလေ့၊
ဝေဖုံးငယ်မသာပေါင်ပ၊
ရွှေဘုန်းရောင် လနေကင်းတာမို့၊
မြို့တွင်းငယ် မြို့ပြင်နှင့်၊
ပတ်ဝန်းကျင်မြင်မသင့်ပြီဘူး၊
နန်းဦးပလ္လင်မှာဘုရား၊
(အမလေး)ခွေးသံနှင့်အုံး။ ။

မန်လည်ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် မာဃဒေဝလင်္ကာသစ်ကြီးကို ဖတ်ဖူးသူတို့ ဆရာတော်ကြီး၏ ကဗျာဉာဏ်၊ စာဉာဏ်တို့ သိနိုင်ကြပေမည်။ ဆီးဘန်နီဆရာတော်ဘုရားကြီး၏ ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဟု အစချီ ကေပိုက်ရတုကို အောက်တွင် တင်ပြလိုက်ပါသည် –

ငယ်စွာနုမျစ်၊ ကြလိုမျစ်သို့၊
မြေးမြစ်အလား၊ မင်းနှစ်ပါးတို့၊
တိုင်းကားနှင်းထပ်၊ ကိုယ်ကိုအပ်၍
ပညတ်စေကြောင်း မှူးမတ်ပေါင်းအား၊
ဆိုးကောင်းအရေး၊ လွှဲဝေပေးလျက်၊
တစ်ရွေးတစ်ရတီ၊ တစ်ဗီ ဇဝါ၊
တစ်မြူလွှာမျှ၊ ရသာအထူး၊
ဂုဏ်ကျေးဇူးကို၊ မှူးမတ်ထံမှ၊
မခံရရှင့်၊ သိဃ်တန်ဆောင်၊
ဘုန်းတော်မှောင်၍၊ ကုန်းဘောင်နေမီး၊
မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊
အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊
မြို့သုဉ်းသုည၊ သုဉ်းသုံးဝဟု၊
သုညခေတ်ဝယ်၊ ဖြစ်လာရချေ၊
တို့တစ်တွေသည်......
သေသော်မှတည့်...ဩော်....ကောင်း၏။

နယ်ချဲ့ကိုယုံမှားမိသူများကြောင့် နိုင်ငံတော်နစ်မွန်းရသည်ကို အချုပ်တန်းဆရာဖေ၏ အောက်ပါတေးထပ်တွင် တွေ့နိုင်ပေသည် –

လက်နက်တော် ထိန်ညီ၊
အိန္ဒြေစစ်သည်၊
အလိမ်မိညစ်သည်ကို၊
သစ္စာတည်ထင်လို့၊
မင်းမှူးမတ်ကြံသည်ကိုမှာ၊
ရန္တပိုထုံးနှင့်ပုံသို့။
ဝိုင်းမိမှ နာခါမြင်သည်၊
ဇာတာတွင် သုဉ်းချို့၊
ရာဇဝင် ကုန်းညို့လို့၊
ကြုံးတို့ရနှစ်ဆူ။
ရေးမြင်သူတွေးချက်ပါးတာက။
ဆေးခွက်မှားတိုက်သည့် အတူ၊
ခုတော့မှပွေမီးပူတယ်၊
ရွှေဆီးဖြူသဘောသို့
ဆန်ကောနှင့်လိုမ့်သလို
ဂွမ်းလိမ့်လို့ဖို
ဝေနေယျ အမှားပိုတယ်
တရားကိုယ် ပျက်သည်ကြောင့်လေး။

ဆရာဖေသည် အင်္ဂလိပ်ဘုရင်ခံရောက်လာစဉ် ထီးဖြူတော်ရုံမှ ထီးဖြူနှစ်လက် ယူမိုးသည်ကို မကျေမနပ်ဖြစ်နေစဉ် အဆိုပါအင်္ဂလိပ်ဘုရင်ခံချုပ် လေ့ဒ်မေယိုအား ပို့ဘလဲယား(တစ်ကျွန်း)ကိုစစ်ဆေးစဉ် အကျဉ်းသားဂေါ်ရခါးတစ်ဦးက ဘုရင်ခံကို ဓားဖြင့် နှစ်ချက်ထိုးသဖြင့် သေဆုံးခဲ့သည်။ ဘုရားထီးဖြူတော်နှစ်လက်ကို မတန်မရာယူပြီး မိုးပေးခြင်းခံ၍ ဓားဖြင့် နှစ်ချက်ထိုးသတ်ခံရကြောင်း အကယ်၍ လေးလက်သာမိုးမိလျှင် လေ့ဒ်မေယိုသည် ဓားဖြင့် လေးချက်အမွှေခံရနိုင်ကြောင်း တေးထပ်ရေးစပ်ဖြန့်ဝေခဲ့သည်။ အင်္ဂလိပ်တို့က ဆရာဖေကို အရေးယူရန် မြန်မာဘုရင်ထံ တိုင်စာပို့ခဲ့သည်။


ထီးဖြူရုံ ပြာသာဒ်နှင့်
မအပ်သည့်အရာ
(လေ့ဒ်) လာပ် ဆိုသည့် မိစ္ဆာမှာ
ပိတ်ရှာပြီ ဇီဝိ။
ဘုန်းမတန့် ဘုန်းတန့်ကြံတယ်
ဆုံးရုပ်နာမ် သွားတဲ့ဝီစိ။
မင်းတုတု ခွေးသေသေ
သွေးတွေတွေယိုဘိ
လာပ်ရန်ကို ဆဒ္ဒန်ဖိ
နတ်ဖန်သည့် ဘုန်းတော်။
ကျွန်းစကြာပူ တစ်လွှားမှာ
ရွှေဓားသွားထက်ရလိမ့်မနော်။

လှေကားဆက်ထက် အပေါ်ပေါ်မှာ
ထီးဖြူတော်နှစ်လက်ကြောင့်
အသက်ထွက်လွယ်စေ
ဓားနှစ်ချက်မွှေ။
လေးလက်ဖြင့် လေးချက်မွှေမယ်၊
ဘေးသက်သေ လက်ငင်းကွဲ့လေး။

**မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို ပံ့ပိုးသောစာများ**

သီပေါလွန် နယ်ချဲ့ကျွန်ခေတ်တစ်လျှောက် မြန်မာသတင်းစာများ(အမျိုးအမည် တစ်ရာမက) ထုတ်ဝေခဲ့ကြပြီး နယ်ချဲ့ကို သတင်းမှန်များဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြရာ ကျွန်တော်တို့မီသော မျက်မှောက်ခေတ်မှာပင် ဆရာ့ ဆရာကြီးများ၏ မျိုးချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ဖြင့် ရေးသားကာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကို ပံ့ပိုးသောစာများ၊ နယ်ချဲ့ကို ထိုးနှက်သောစာများ ရေးခဲ့ကြသည်ကို တွေ့ရပါသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလတွင် မြန်မာမျိုးချစ်စာပေပညာရှင်များ ရေးသားပံ့ပိုးခဲ့သော စာအုပ်များစွာကိုလည်း ဖတ်ခဲ့ရ၏။ စာရေးဆရာကြီးများကို ကိုယ်တိုင် ကြုံတွေ့ခဲ့ရသူတို့ထံမှ မျိုးချစ်စိတ်ဓာတ် အမျိုးသားရေးစိတ်ဓာတ်များ အမွေရရှိခဲ့သည်။

ဦးလွန်း ခေါ် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုလည်း ကောင်းကောင်းမီခဲ့သည်။ ဆရာကြီး၏နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး လှုံ့ဆော်သောစာအုပ်များ၊ အထူးသဖြင့် ကဗျာဖတ်၊ စာဖတ်ပရိသတ်စွဲလမ်းခဲ့ရသည့် ဆရာကြီး၏ စာထောင့်လေးချိုးကြီးများစွာကိုလည်း ဖတ်ရ၊ မှတ်ရသည်။ ဆရာကြီးသည် ကဗျာမှု၊ မြန်မာမှု၊ စာမှုတွင် နိုင်နင်းလှသဖြင့် ဆရာကြီး၏ လေးချိုးကြီးများစွာ၊ နဘေထပ်များစွာကို ဖတ်ရမှတ်ရပါ၏။ ဆရာကြီး၏ ဗိုလ်ဋီကာ စာအုပ်တွင် ပါတော်မူခေတ်ကို ထင်ဟပ်သော ကဗျာတစ်ပုဒ်တွေ့ရသည်။ သီပေါမင်းနှင့် တော်ဝင်မိသားစုကို အင်္ဂလိပ်တို့က ပြည်ပသို့ ပြည်နှင်ရန် ဂေါ်ဝိန်ဆိပ်သို့ ခေါ်ထုတ်စဉ် မြတောင်ကျောင်းရှေ့အရောက် မြင်ကွင်းကို ၁၀ နှစ်သားအရွယ် မောင်လွန်းက မြင်တွေ့ရာ အံ့ကြိတ်ခဲ့ရသည်။ စာမျက်နှာ ၁၁ သို့ ❑



၁၉၃၉ ခုနှစ်က ရန်ကုန်မြို့ အင်းယားကန်လေ့လှော်အသင်းအဆောက်အအုံတွင် ကမ္ဘာကျော်စာရေးဆရာကြီး HG. Well နှင့် မြန်မာစာရေးဆရာ၊ သတင်းစာဆရာများတွေ့ဆုံပွဲ မှတ်တမ်းဓာတ်ပုံ။

**❛ သီပေါလွန် နယ်ချဲ့ကျွန်ခေတ်တစ်လျှောက် မြန်မာသတင်းစာများ (အမျိုးအမည် တစ်ရာမက) ထုတ်ဝေခဲ့ကြပြီး နယ်ချဲ့ကို သတင်းမှန်များဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြရာ ကျွန်တော်တို့မီသော မျက်မှောက်ခေတ်မှာပင် ဆရာ့ဆရာကြီးများ၏ မျိုးချစ်စိတ်၊ ဇာတိသွေးဇာတိမာန်ဖြင့်ရေးသားကာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို ပံ့ပိုးသောစာများ၊ နယ်ချဲ့ကိုထိုးနှက်သောစာများ ရေးခဲ့ကြသည်ကို တွေ့ရပါသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလတွင် မြန်မာမျိုးချစ်စာပေပညာရှင်များ ရေးသားပံ့ပိုးခဲ့သော စာအုပ်များစွာကိုလည်း ဖတ်ခဲ့ရ၏။ စာရေးဆရာကြီးများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတို့ထံမှ မျိုးချစ်စိတ်ဓာတ် အမျိုးသားရေးစိတ်ဓာတ်များ အမွေရရှိခဲ့ ❜**



ဆရာ ဒဂုန်တာရာ



ဆရာ တက္ကသိုလ်ထင်ကြီး



ဆရာ သိန်းဖေမြင့်



ဆရာ တက်တိုး

❑ စာမျက်နှာ ၁၀ မှ

ဤသို့ဖြင့် ဆရာကြီးသည် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့် လေးချိုးကြီးများ ရေးခဲ့ရာ ပါတော်မူကာလမြင်ကွင်းကို ဤသို့ ရေးစပ်ခဲ့သည် –

ဓာတ်ကောလီခါမရတာမို့
မြန်မာတို့ ညှိုးခိုက်တွင်
ဆိုးလျှင် မိုက်လျှင်ဖြင့် မယဉ်ကျေး၊
အပျော်ရယ်ကြုံ၊
ဘော်လကန် စစ်ဆင်နည်းရယ်နှင့်၊
စကူတာရီကိုလေ၊
စစ်ဗျူဟာချီလို့စီးသလိုပ၊
(ဝါ) တစ်နည်းကား
ရှုပ်ဖို့ရယ်ဆုံ၊
ကျုပ်တို့တစ်ခါကြုံရ။
ရတနာပုံဆိုတဲ့ မန်းတွင်မှ
ကြငှန်းစံ မြန်မာ့ထီးကိုလ
အကွက်ကျတဲ့ စလေဒင်ဟာလေ၊
လက်ရ အခြေယဉ်ယဉ်နှင့်စီးသလိုပ။

**ခေတ်သစ်မြန်မာစာပေဗိမာန်ကြီး တည်ဆောက်**

ဤရွေ့ဤမျှ မြန်မာတို့၏ ကလောင်များသည် မျိုးချစ်စိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေး ဇာတိသွေး၊ ဇာတိမာန်သွင်းပြီး မြန်မာမျိုးချစ်စာဆိုတို့ သမိုင်းပေးတာဝန်ကျေပွန်ခဲ့သည်။ မြန်မာတို့ ဂုဏ်ယူမဆုံးနိုင်သော သက်တော်ရှည် မြန်မာဂန္ထဝင်ကဗျာ၊ စကားပြေ၊ လင်္ကာစကားပြေနှစ်ထွေရောစာများ၊ ဂုဏ်၊ ရသ၊ အလင်္ကာမြောက်သော မြန်မာစာပေအမွေကို အမွေခံ သားကောင်းသမီးကောင်းများပီပီ ကြိုးစားအားထုတ်ရေးသားရင်း ခေတ်သစ် မြန်မာစာပေဗိမာန်ကြီး တည်ဆောက်လျက်ရှိနေပေသည်။

မြန်မာစာနယ်ဇင်း၊ မြန်မာစာရေးဆရာများသည် စာပေတာဝန် ကျေပွန်ကြသည့်တိုင် စုစုစည်းစည်းမရှိကြသေးသဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာကျော် စာရေးဆရာကြီး HG.well အိပ်ချ်ဂျီဝဲလ် ၁၉၃၉ ခုနှစ်က ရန်ကုန်သို့ ရောက်လာသည့်အခါ စာရေးဆရာ၊ သတင်းစာဆရာများ တစ်ယောက်ချင်း ဆက်သွယ်တွေ့ဆုံကြပြီး အိပ်ချ်ဂျီဝဲလ်အား ဧည့်ခံရန် ပြင်ဆင်ခဲ့ကြရသည်။ ဦးဆောင်ကျင်းပရန် အားထုတ်သော စာရေးဆရာ လူလတ်ပိုင်းများက ရွှေတိဂုံဘုရားလမ်းမှ နေရှင်နယ် ဦးအေး (၁၉၂၀ ပြည့်နှစ်ကျောင်းသားသပိတ်ခေါင်းဆောင်)၏ဆိုင်မှ လက်ဖက်ရည်နှင့် မုန့်များ အကြွေးယူပြီး အင်းလျားကန် လေ့လှော်အသင်းအဆောက်အအုံတွင် ဧည့်ခံခဲ့ကြရသည်။

အိပ်ချ်ဂျီဝဲလ်၏ ဧည့်ခံပွဲသို့ တက်ရောက်သူများ ဓာတ်ပုံတွင် မြင်ရသည့်အတိုင်း ထိုပွဲသို့ အောက်ပါ စာရေးဆရာ၊ သတင်းစာဆရာများ တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။ ရှေ့ဆုံးတန်းတွင် ဖျာခင်း၍ ထိုင်ကြသူများမှာ ဦးတင်ညွန့်၊ ဆရာတက်တိုး၊ ဦးဘအေး၊ မောင်အာယု၊ ဦးညိုမြ၊ ဒဂုန်တာရာ၊ သိပ္ပံစိုးလှ၊ ခင်လေးမောင်၊ တက္ကသိုလ်ထင်ကြီး၊ ဆရာသိန်းဖေမြင့်တို့ ဖြစ်ကြသည်။

ဒုတိယတန်းတွင် ကုလားထိုင်များဖြင့် ထိုင်ကြသူများမှာ–ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ လု(စ်)၊ ဒေါ်ခင်မျိုးချစ်၊ ဒဂုန်ခင်ခင်လေး၊ သိပ္ပံကျော်ထင်၊ ဒေါက်တာမောင်မောင်ပြေ၊ ဇာနည်ဆွေ၊ ဒေါက်တာထင်အောင်၊ အိပ်ချ်ဂျီဝဲလ်၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ နယူးဘားမား ဦးမောင်မောင်၊ သံတော်ဆင့် ဦးသိန်းမောင်၊ သူကြီးဂေးဇက် ဦးခင်မောင်၊ မဟာဆွေ၊ ဒဂုန်နတ်ရှင်၊ လူထုဦးလှ၊ မြဒေါင်းညိုတို့ ဖြစ်ကြသည်။

တတိယတန်းတွင် မတ်တပ်ရပ်ကြသူများမှာ ဦးသန်းဖေ၊ ဦးမောင်မောင်ကျော်ဝင်း၊ ပန်းဝတ်ရွှေ၊ ဆရာရန်အောင်၊ ဆရာဇဝန၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ မြမျိုးလွင်၊ သော်တာစန်း၊ ဒဂုန်ဦးစန်းငွေ၊ ဦးချင်းစိန်(ရွှေညာမောင်)၊ မိုးကြိုးဦးအုန်းခင်၊ ဂျာနယ်ကျော်စောဦး၊ ဆရာသင်္ချာ၊ ဆရာရဲထွတ်၊ ရဲသမိန်၊ မြို့မဦးစံထွား၊ ဇမ္ဗူနသန်တို့ ဖြစ်ကြပြီး နောက်ဆုံးတန်း(ခုံပေါ်) ရပ်နေကြသူများမှာ ဆရာသုခ၊ တက္ကသိုလ်ဆုမြိုင်၊ ဒဂုန်ဦးလှဘူး (ရန်ကုန်တက္ကသိုလ်ဝင်း၌နေပြီး အိပ်ချ်ဂျီဝဲလ် တည်းခိုသောအိမ်၏ အိမ်ရှင်)တို့ ဖြစ်ကြသည်။

**စာရေးဆရာအသင်းကို**
**၁၉၄၀ ပြည့်နှစ်ထဲမှာပင် စတင်ဖွဲ့စည်း**

အိပ်ချ်ဂျီဝဲလ်ကို ဧည့်ခံရာ၌ အဖွဲ့အစည်းမရှိ၍ တစ်ဦးချင်း ဖိတ်ခေါ်လူစုခဲ့ကြရခြင်း၊ ဆရာကြီးပီမိုးနင်းကွယ်လွန်သော ၁၉၄၀ ပြည့်နှစ်မှာပင် အဖွဲ့အစည်းဖြင့် မစီစဉ်နိုင်၍ စာရေးဆရာများအချင်းချင်း လက်တို့ဖိတ်ခေါ်စုဝေးကာ ဆရာကြီးပီမိုးနင်းအား သင်္ဂြိုဟ်ခဲ့ရခြင်းတို့ကြောင့် စာရေးဆရာအသင်းကို ၁၉၄၀ ပြည့်နှစ်ထဲမှာပင် စတင်ဖွဲ့စည်းခဲ့ရာ ဒီးဒုတ်ဦးဘချို(အာဇာနည်ခေါင်းဆောင်ကြီး)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ အနယ်နယ် အရပ်ရပ်သို့ စစ်ဘေးရှောင်ရန်အတွက် ရန်ကုန်မှ ထွက်ခွာသူများဖြစ်ခြင်းကြောင့် စာရေးဆရာအသင်း ဇာတ်ခေါင်းကွဲသလိုဖြစ်ခဲ့ရသည်။ ၁၉၄၂ ခုနှစ် အတွင်းမှာပင် စကော့ဈေး (ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ရန်နိုင်ဈေး)၊ စစ်ပြီးခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းဈေးဖြစ်လာသော ဈေး အပေါ်ထပ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ဦးသိန်းမောင် (သူရိယသတင်းစာ၊ နောင်သံတော်ဆင့်သတင်းစာ)က ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့ဝင်များမှာ မဟာဆွေ၊ ဒဂုန်နတ်ရှင်၊ ဆရာဇေယျ၊ ရွှေပိန်သောင်း၊ ဆရာသင်္ချာ၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ကွမ်းရွံတန်းဆရာကျော်၊ ဆရာစိန်၊ မြဒေါင်းညို၊ ဆရာဇဝန၊ ဆရာသုခနှင့် ငွေထိန်း ဒဂုန်ခင်ခင်လေးတို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အသင်းရုံးကို ယောက်လမ်း(ယနေ့ ယောမင်းကြီးလမ်း)ရှိ ထန်းပင်ကွက်သစ်မှ တစ်ထပ်အိမ်ဟောင်းကြီးဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလ အင်္ဂလိပ်လေတပ်မှ လာရောက်ဗုံးကြဲသဖြင့် မီးလောင်ပြာကျသွားခဲ့ရသည်။ အသင်းရုံးကို ယနေ့ ကမ္ဘာအေးဘုရားလမ်း ကုက္ကိုင်းကွေ့ အမှတ် ၁၇ သူရိယသတင်းစာတိုက် ပစ္စည်းသိုလှောင်ရုံသို့ ပြောင်းရွှေ့ရသည်။ ထိုနေရာမှာ ကျဉ်းလွန်းသဖြင့် ဒဂုန်ခင်ခင်လေးစာအုပ်တိုက် ဖွင့်ထားသည့် အမှတ် ၂၂၁၊ ရွှေဂုံတိုင်လမ်း တိုင်းပြည်ပြုပုံနှိပ်တိုက်သို့ ရွှေ့ကြရပြန်သည်။ ထိုအသင်းရုံး၌ လစဉ်ကျင်းပသော အစည်းအဝေးများတွင် ဒဂုန်ခင်ခင်လေးက စားသောက်ဖွယ်များဖြင့် တည်ခင်းဧည့်ခံလေ့ရှိခဲ့သည်။

**မြန်မာဂန္ထဝင်စာပေပညာရှင်**
**စာဆိုကြီးများကို ဂုဏ်ပြု**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဥက္ကဋ္ဌ ဦးသိန်းမောင် ဦးဆောင်သော မြန်မာနိုင်ငံစာရေးဆရာအသင်းက ရှေးက မြန်မာဂန္ထဝင်စာပေပညာရှင်စာဆိုကြီးများကို ဂုဏ်ပြုရန် ပူဇော်ကန်တော့ရန် စာဆိုတော်နေ့တစ်နေ့ သတ်မှတ်လိုကြသည်။ ဤသို့ဖြင့် အသင်းဥက္ကဋ္ဌ သံတော်ဆင့် ဦးသိန်းမောင်၊ ဒဂုန်ဦးဘတင်၊ ဆရာဇော်ဂျီ၊ ဒဂုန်ဆရာတင်၊ ဦးကောင်း(နောင်ပညာမင်းကြီး)၊ ဒီးဒုတ်ဦးဘချို၊ ဆရာဇဝနနှင့် ဂျာနယ်ကျော် ဦးချစ်မောင်တို့ ထိုစဉ်က ပညာရေးဝန်ကြီး ဦးလှမင်းအား သွားရောက်တွေ့ဆုံကာ စာဆိုတော်နေ့ သတ်မှတ်ရေးတင်ပြကြသည်။ ဦးလှမင်းကလည်း ရွေးကြ၊ သတ်မှတ်ကြပါ၊ ညှိကြပါ၊ အားလုံးသဘောတူတဲ့နေ့ တစ်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကြတာပေါ့ဟု ပြောဆိုသဖြင့် စဉ်းစားကြသည်။

ထိုစဉ်က မြန်မာစာပေပညာရှိ ဗိုလ်ကလေး ဦးသက်ရှည်က ကိုယ်တိုင်အစည်းအဝေး မတက်နိုင်၍မိုးရာသီ၏နေ့တစ်နေ့ကိုစာဆိုတော်နေ့သတ်မှတ်သင့်ကြောင်း စာရေးဆန္ဒပြုထားသည်။ အစည်းအဝေးတွင် ဟိုနေ့သည်နေ့နှင့် ဆရာများ အဆိုပြုကြ၊ ညှိနှိုင်းကြလုပ်နေစဉ်မှာပင် ဂျာနယ်ကျော် ဦးချစ်မောင်က မင်းရဲဒေယျရန္တမိတ် ရေးစပ်သော အင်းဝမြို့ဘွဲ့ရပုရပိုက်စုံမှ အောက်ပါနောက်ဆုံး အပိုဒ်ကို တင်ပြသည်။

"စုလစ်ရွှေစင် တစ်ခဲသွင်၍၊ စီဆင်ခြယ်သ၊ ပတ္တမြားတို့၊ ရထားနတ်နန်း၊ နေနွယ်ထွန်းလျက်၊ ပြောင်ရွှန်းလျှံဖြာ၊ လေ့စကြာလည်း၊ အဝါရောင်ထက်၊ မြစ်လုံးစက်မှျ၊ ကိုးမျက်မဉ္ဇူ၊ နန္ဒမူနှင့်၊ ဇမ္ဗူရည်ရွှင်၊ ရွှေဥမင်လည်း ထက်ခွင်နတ်မှာ၊ သုဓမ္မာသို့၊ အာကာတိမ်စွန်း၊ ပျံဘနန်းတည့်၊ ရဲခန့်ဆိုင်းဆိုင်း၊ စစ်ကိုင်း ပင်းတယ၊ သာမောလှ၏ နတ်လသဘင်၊ ရောက်ပြန်လျှင်လည်း၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး၊ဆုံးရေးတင့်အောင်၊ရန်ညောင်းပယ်နွဲ့သိကြားစံ၊ မင်းဝံရွှေတောင်၊ မြို့ရန်အောင်သည် သာခေါင်ကျွန်းလှည့်လေလော"။

ထိုရတုပိုက်မှ နတ်လသဘင်၊ ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး စာသားများကို ကောက်နုတ်ကာ နတ်တော်လရောက်တိုင်း ရှေးမြန်မာမင်းများက ဆုနှင်း ဘွဲ့နှင်းသဘင်ကျင်းပလေ့ရှိရာ စာဆိုများကိုလည်း ထိုက်တန်သောဘွဲ့မည်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ နတ်တော်လ၏ ငွေနှင်းမြူဇာပဝါပါးဖြင့် လောကကို လွှမ်းခြုံကာ အေးချမ်းမြမြရှိလှသဖြင့် ရှေးစာဆိုများက နတ်တော် (ဆောင်း)လတွင် စာဥာဏ်၊ ကဗျာဥာဏ်ပို၍ ကွန့်မြူးခဲ့ကြောင်းတင်ပြရာ အစည်းအဝေးတက်သူအားလုံးက သဘောတူကြသဖြင့် နှစ်စဉ် နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်အဖြစ် သတ်မှတ်ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။ ။

○ ကျောဖုံးမှ

မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့် ဥရောပနိုင်ငံများအပါအဝင် တရုတ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ကုန်များ ပုံမှန်တင်ပို့နေပြီး ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန် စသည်တို့အပါအဝင် အမျိုးအစား ၂၀ ကျော် တင်ပို့လျက်ရှိသည်။

၂၀၂၃ –၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာ ၁၅ ရက်အထိ ရှစ်လကျော်အတွင်း ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၄၇၉ ဒသမ ၈၉၈ သန်းရရှိထားပြီး မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ အသားကဏ္ဍအနေဖြင့် လက်ရှိတွင် တိရစ္ဆာန်အရှင်များကိုသာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အဓိက တင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်ကာလတူ ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ရေထွက်ကုန်တင်ပို့မှုမှ ဝင်ငွေသည် ကန်ဒေါ်လာ ၅၁၇ ဒသမ ၂၇၈ သန်းရှိပြီး နှိုင်းယှဉ်ပါက ၃၇ သန်းကျော်လျော့ကျနေကြောင်း စာရင်းအချက်အလက်များအရ သိရသည်။ MT

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် “ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး” ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော် တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ ၀၉-၂၆၁၁၇၉၀၀၃
(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉
(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈
(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၀၇၈၁၇၃
(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၄၄၈၁၂၇၉၀၇


## မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံတော်၌ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ပုလောနှင့် ဘုတ်ပြင်းမြို့တို့မှ မျက်စိဝေဒနာရှင် ဒေသခံပြည်သူများအား မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိရောဂါနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ဆောင်ရွက်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယ သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ Ph.D.D.Litt သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မျက်စိရောဂါကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ စုစုပေါင်းလူနာ ၄၇၅ ဦးကို ကုသပေးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်ထိ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းဖုန်းဆရာတော်ကြီး၏ သက်တော် ၆၀ ပြည့် ဝိဇာတမွေးနေ့ကို လွန်းလိန်းသာသနာ့နယ်မြေတွင် ငါးရက်ကြာ ကျင်းပပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မိုင်းဖုန်းဆရာတော်ကြီး၏ သက်တော် ၆၀ ပြည့် ဝိဇာတမွေးနေ့ကို လွန်းလိန်းသာသနာ့ နယ်မြေတွင် ငါးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း တောင်တန်းသာသနာပြုဆရာတော် ဦးသုခမိန္ဒက မိန့်ကြားသည်။

သက်တော် ၆၀ ပြည့်အဖြစ် ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့မင်္ဂလာအား ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း (က)ကျေးရွာအုပ်စု ပါဆာရွာရှိ လွန်းလိန်းသာသနာ့မြေတွင် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အလှူတစ်ခုအနေနဲ့ကျင်းပ**

“ခါတိုင်းနှစ်လိုပဲ ဇန်နဝါရီ ၁ ရက်ကနေ ၅ ရက်အထိကျင်းပမယ်။ အလှူတစ်ခုအနေနဲ့လည်း ကျင်းပတာဖြစ်တယ်။ ဆရာတော် တရားဟောပုလ္လင်မှာ တရားဟောမယ်။ သီးသန့်အဖူးအမြော်ခံဖို့တော့ မရှိပါဘူး ” ဟု ဆရာတော်က မိန့်ကြားသည်။



အခမ်းအနားအစီအစဉ်အရ ဇန်နဝါရီ ၁ ရက် မှ ၃ ရက်အထိ နံနက် ၄ နာရီတွင် လွန်းလိန်းစေတီတော်၌ ဘုရားဝတ်တက်ပြီး ပန်းခြံအတွင်း ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉ နာရီတွင် ပူတာအိုစေတီတော်အတွင်းသို့ ကျောက်တုံး၊ ကျောက်ခဲများ ထည့်လှူခြင်း၊ နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၃ နာရီတို့တွင် ပန်းခြံတရားဟောစင်မြင့်၌ မိုင်းဖုန်းဆရာတော် တရားဟောခြင်း၊ ညနေ ၆ နာရီ နှီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်နှင့်အတူ ဘုရားဝတ်တက်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း အခမ်းအနားအစီအစဉ်အရ သိရသည်။

ထို့ပြင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီတွင် လွန်းလိန်းစေတီတော်တွင် ဘုရားဝတ်တက်ပြီး ပန်းခြံထဲတွင် ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၁၁ နာရီတွင် ဆရာတော် သက်တော် ၆၀ ပြည့် စေတီတော်အား ထီးတော်တင်လှူခြင်း၊ မွန်းလွဲ ၃ နာရီ ပန်းခြံတရားဟောစင်မြင့်တွင် မိုင်းဖုန်းဆရာတော်ကြီးက တရားဟောခြင်း၊ ညနေ ၆ နာရီ နှီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်နှင့်အတူ ဘုရားဝတ်တက်ခြင်း ပြုလုပ်မည်ဖြစ်သည်။

ဆက်လက်၍ ဇန်နဝါရီ ၅ ရက် နံနက် ၄ နာရီတွင် လွန်းလိန်းစေတီတော်တွင် ဘုရားဝတ်တက်ပြီး ပန်းခြံထဲတွင် ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉ နာရီ နှီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်အား ကံဇာတာထပ်မင်္ဂလာပြုခြင်း၊ မွန်းလွဲ ၃ နာရီ ပန်းခြံတရားဟောစင်မှ မိုင်းဖုန်းဆရာတော်အား ဝေါယာဉ်ဖြင့် ရေသွန်းမဏ္ဍပ်သို့ ပင့်ဆောင်ခြင်းပြုလုပ်မည်ဖြစ်ကြောင်း အခမ်းအနားအစီအစဉ်အရ သိရသည်။

မိုင်းဖုန်းဆရာတော်ကြီးအနေဖြင့် ၎င်း၏မွေးနေ့ ဇန်နဝါရီ ၅ ရက်တွင် စကားမပြောဘဲ ဝစီပိတ်နေထိုင်သီတင်းသုံးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီ၌ နှီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်အား လာရောက်ကန်တော့ခြင်း ပြုလုပ်နိုင်မည် ဖြစ်သည်။

ဝိဇာတမွေးနေ့မင်္ဂလာ သတ်မှတ်ရက်များအတွင်း၌ ကန့်သတ်နေရာများတွင် ဈေးရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ဈေးရောင်းချရန်နေရာများကို ဝမ့်မိုင်၊ လွန်းစိုင်းရှိ ဗုဒ္ဓဂါယာ မဟာဗောဓိစေတီဝင်းဘက်တွင် သတ်မှတ်ပေးထားကြောင်း အကျိုးတော်ဆောင်များက အသိပေးထားသည်။

**သစ်တော်**

## ဖားကန့်မြို့နယ် ဝင်းသီရိမင်္ဂလာကျောင်းတိုက်၌ ပဋ္ဌာဝီသတိမ(၂၅)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲ ကျင်းပ



**ဖားကန့် ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် ပဋ္ဌာဝီသတိမ(၂၅) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာဝိနယာနုဂ္ဂဟစာမေးပွဲကြီးကို ယနေ့နံနက် ၁၁ နာရီခွဲက ဖားကန့်မြို့ ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာ ဝင်းသီရိမင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ပဋ္ဌာဝီသတိမ (၂၅)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲအား စတင်ဖြေဆိုကြပြီး ဖားကန့်မြို့နယ်အတွင်းမှ စာဖြေ ရဟန်း ၁၃ ပါး၊ သာမဏေ ၂၂၀ ပါး၊ သီလရှင် ၇၂ ပါး၊ အမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၈၁ ဦးတို့ ဖြေဆိုကြကာ ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါစာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့ကို ဒီဇင်ဘာ ၂၇ ရက်တွင် အောင်လက်မှတ်နှင့် စာအောင်ဆုငွေများကို ဆက်ကပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ကြွရောက်တော်မူကြသည့် ဆရာတော်သံဃာတော်များနှင့် စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် စစ်ဆင်မှုများ တိုးချဲ့ဆောင်ရွက်နေသည်ဟု အစ္စရေးတပ်ဖွဲ့ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၅**

ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် ၎င်းတို့၏ စစ်ဆင်မှုများ တိုးချဲ့ဆောင်ရွက်နေသည်ဟု အစ္စရေး တပ်ဖွဲ့က ပြောသည်။ အစ္စရေးတပ်ဖွဲ့များသည် ဥမင် လိုဏ်ခေါင်းများကို စီးနင်းပြီး ခန်းယူနွတ်ရှိ ဟားမတ်စ် တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်ခဲ့ကြောင်း အစ္စရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ် ဟာဂါရီက ပြောကြားခဲ့သည်။

လာမည့်ရက်များအတွင်း ၎င်းစစ်ဆင်ရေးများ ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသ ရှိ မက်ဂါဇီဒုက္ခသည်စခန်းတွင် အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၇၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဂါဇာရှိကျန်းမာရေးအာဏာပိုင်များ က ဒီဇင်ဘာ ၂၄ရက်တွင် ပြောကြားခဲ့သည်။ ပါလက် စတိုင်း လခြမ်းနီအသင်းမှ လူမှုမီဒီယာတွင် တင်ထား သော ဗီဒီယိုတစ်ခုတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပုံကို ပြသထားပြီး လူအချို့သည် အပျက် အစီးများအောက်တွင် ပိတ်မိနေသည်ဟု ယူဆရ ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သေဆုံးသူ အများစုမှာ အမျိုးသမီးများနှင့် ကလေး ငယ်များဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးအာဏာ ပိုင်များက ၎င်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့ပြီး လူစည်ကား သော လူနေရပ်ကွက်တွင် သတ်ဖြတ်မှုဟု ခေါ်ဆိုခဲ့ သည်။ အစ္စရေးတပ်ဖွဲ့သည် အရပ်သားများကိုထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဖြစ်နိုင်ခြေရှိသော ခြေလှမ်းများ လုပ်ဆောင်ခြင်းအပါအဝင် နိုင်ငံတကာဥပဒေများကို လိုက်နာဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဟားမတ်စ်အဖွဲ့ကို ဆက်လက် တိုက်ခိုက်သွားမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ကတိပြုခဲ့သည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# ဘရူနိုင်းနိုင်ငံတွင် တရားမဝင် ဧည့်လမ်းညွှန်များအား အရေးယူမည်

**ဘန်ဒါဆရီဘီဂါဝမ် ဒီဇင်ဘာ ၂၅**

ဘရူနိုင်းနိုင်ငံတွင် ပြည်ပမှ လာရောက်လုပ်ငန်းဆောင်ရွက် သည့်ခရီးသွားလုပ်ငန်းများသည် တရားမဝင် ဧည့်လမ်းညွှန်မှုများ ခန့်အပ်မှု ပြားလာသောကြောင့် အရေးယူဆောင်ရွက်သွားရေး စီစဉ်နေကြောင်း ဘရူနိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာနမှ သိရသည်။

၎င်းဌာန၏အဆိုအရ ဘရူနိုင်းနိုင်ငံသည် ခရီးသွားလာရေး နေရာတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်းတွင် ရေပန်းစားလာခြင်းကြောင့် ခရီးသွားလုပ်ငန်းများသည် သင့်လျော်သောလိုင်စင်မရှိဘဲ လမ်းညွှန်ဝန်ဆောင်မှုပေးသည့် ဧည့်လမ်းညွှန်များဖြင့် လူတစ်ဦး ချင်းစီကို ဆွဲဆောင်နေပြီး ၎င်းကဲ့သို့ဆောင်ရွက်ခြင်းအပေါ် ခရီးသွားလုပ်ငန်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေမှုနှင့် ပတ်သက်၍ ခရီးသွားဧည့်သည်များအတွက် ပိုမိုဘေးကင်းပြီး ပိုမိုပြည့်စုံ ကောင်းမွန်သည့် အတွေ့အကြုံများရရှိစေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ခရီးသွားလုပ်ငန်း တာဝန်ရှိသူများက ပြောကြား သည်။

ခရီးသွားဧည့်သည်များနှင့် ခရီးသွားအေဂျင်စီများအား တရားဝင်လိုင်စင်ရရှိထားသည့် လိုင်စင်ရ ခရီးသွားဧည့်လမ်းညွှန် များသာ ငှားရမ်းကြရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

ခရီးသည်များဘက်မှလည်း ခရီးသွားလမ်းညွှန်များ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော တရားဝင်မှတ်ပုံ တင်တံဆိပ်များပါရှိသည့် ဘရူနိုင်းလိုင်စင်ရ ခရီးသွားအေဂျင်စီ များကို အသုံးပြုရန်နှင့် ၎င်းအေဂျင်စီမှ ခန့်အပ်ထားသည့် ဝန်ထမ်းများ၏ အသိအမှတ်ပြု ကတ်ပြားများတွင် ဧည့်လမ်းညွှန် အမည်၊ ဓာတ်ပုံနှင့် ဧည့်လမ်းညွှန်လိုင်စင်အမှတ်တို့ ဖော်ပြပါရှိ ကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# အာဖဂန်နစ္စတန်၌ ပိုလီယိုရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုစတင်

**ကဘူးလ် ဒီဇင်ဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ၌ လေးရက်ကြာ ပိုလီယိုရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုကို ဒီဇင်ဘာ ၂၅ ရက်တွင် စတင်ခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းပိုလီယိုရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုအစီအစဉ်အရ အာဖဂန်နစ္စတန်နိုင်ငံရှိ ငါးနှစ်အောက် ကလေး ၈ ဒသမ ၈ သန်းခန့်သည် ပိုလီယိုရောဂါကာကွယ်ဆေးများ ရရှိမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသ၏ ခရိုင် ၄၂ ခုတွင်မူ ပိုလီယို ကာကွယ်ဆေးကို အသက် ၁၀ နှစ်အောက် ကလေးငယ်များ လက်ခံရရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် ပိုလီယိုရောဂါဖြစ်ပွားသူ ကလေးငယ် နှစ်ဦးတွေ့ရှိခဲ့ပြီး ယခုနှစ်တွင် ပိုလီယိုရောဂါဖြစ်ပွားသူ အရေအတွက်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# နီပေါနိုင်ငံ၏ လျှပ်စစ်ကားများ တင်သွင်းမှု သုံးဆနီးပါး မြင့်တက်

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂၅**

နီပေါနိုင်ငံ၏ လျှပ်စစ်မော်တော်ကား တင်သွင်းမှုသည် ဇူလိုင်လလယ်မှစတင် သည့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်၏ ပထမ ငါးလတာကာလအတွင်း သုံးဆနီးပါး မြင့်တက်လာခဲ့ကြောင်း နီပေါနိုင်ငံ အကောက်ခွန်ဦးစီးဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာလလယ်တွင် လျှပ်စစ်ကား စုစုပေါင်း အစီးရေ ၃၆၈၆ စီး တင်သွင်း ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလ အတွင်း တင်သွင်းမှု အစီးရေသည် ၁၃၅၃ စီးရှိခဲ့ကြောင်း အဆိုပါအကောက်ခွန်ဦးစီး ဌာန၏ စာရင်းများအရ သိရသည်။



၎င်းတို့အနက် ၂၂၉၇ စီးကို တရုတ်နိုင်ငံ မှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နီပေါနိုင်ငံသည် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် တွင် လျှပ်စစ်ကား အစီးရေ ၄၀၅၀ တင်သွင်းခဲ့ပြီး ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁၈၀၇ စီး တင်သွင်းခဲ့ကြောင်း နီပေါနိုင်ငံ အကောက်ခွန်ဦးစီးဌာနက ပြောကြား သည်။

နီပေါနိုင်ငံသို့ တင်သွင်းလာသည့် လျှပ်စစ်ကားများသည် ပုဂ္ဂလိကခရီးသည် တင် ယာဉ်ရောင်းချရမှုအားလုံး၏ ၉၀ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် လေးဘီး တပ် အများပြည်သူခရီးသည်တင်ယာဉ် ရောင်းချမှု၏ ၆၀ ရာခိုင်နှုန်းအထိ ပါဝင် မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# တူကီယဲနိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၆၀၀ နီးပါး ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ ဒီဇင်ဘာ ၂၅**

တူကီယဲနိုင်ငံသည် နိုင်ငံတစ်ဝန်း လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်နေစဉ်အတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၅၈၆ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တူကီယဲလ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး အလီယာလီကာယာက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံအနေဖြင့် တရားမဝင်လမ်းကြောင်းကနေ ဝင်ရောက်လာသည့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်ရေး ကြိုးပမ်းလာသော လူကုန်ကူးသူများကို မည်သည့်အခါမျှ အခွင့်အရေးပေးမည်မဟုတ်ကြောင်းနှင့် ယင်းသို့လုပ်ဆောင်လာပါက တရားဥပဒေအရ ဖမ်းဆီးထိန်းသိမ်းသွားမည်ဖြစ်ကြောင်းလည်း တူကီယဲနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး အလီယာလီကာယာက ပြောကြားသည်။

တူကီယဲနိုင်ငံသည် လက်ရှိတွင် ရွှေ့ပြောင်းနေထိုင်သူ လေးသန်းကျော်အား လက်ခံထားပြီး အများစုမှာ ဆီးရီးယားနိုင်ငံမှဖြစ်ကြောင်း သိရသည်။ တူကီယဲလ်နိုင်ငံ သည် ပိုမိုကောင်းမွန်သောဘဝများကို ရှာဖွေရန်အတွက် ဥရောပသို့ရောက်ရှိရန် ကြိုးပမ်းနေသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိကဖြတ်သန်းသည့်နိုင်ငံ တစ်ခုဖြစ်နေဆဲဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ သစ်တောကာဗွန်ခရက်ဒစ်များ ရောင်းချခြင်းမှ ဝင်ငွေကန်ဒေါ်လာ ၄၁ သန်းကျော်ရရှိ

**ဟနွိုင်း ဒီဇင်ဘာ ၂၅**

ဗီယက်နမ်သည် ကမ္ဘာ့ဘဏ်နှင့် ကာဗွန် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်း အဖြစ် သစ်တောကာဗွန်ခရက်ဒစ်များ ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၄၁ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

၎င်းသဘောတူညီချက်သည် သစ်တော စီမံခန့်ခွဲမှုနှင့် ကာကွယ်စောင့်ရှောက်ရေး နှင့် ပြည်သူများ၏ ဘဝတိုးတက်ရေး တို့ကို အထောက်အကူပြုသည့် ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသဘောတူညီ ချက်ဖြစ်ကြောင်း သိရသည်။

သစ်တောပိုင်ရှင်များ၊ ဒေသခံပြည်သူ များနှင့် သစ်တောများကို စီမံခန့်ခွဲ ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ၎င်းရောင်းရငွေများကို နိုင်ငံ အတွင်းရှိပြည်နယ် ခြောက်ခုသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

အဆိုပါ ဒေသများတွင် သစ်တော ဟက်တာ ၃ ဒသမ ၁ သန်းကျော် ရှိသည်။ ပြည်နယ် ခြောက်ခုတွင် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန် ထောက်ပံ့ငွေများ ပေးအပ်မှုအောင်မြင် ပြီးနောက် သဘာဝ သစ်တောများရှိသည့် ဗီယက်နမ်ရှိ အခြားဒေသအများအပြား သည် ၎င်းအစီအစဉ်ကို မကြာမီအကောင် အထည်ဖော်ရေးအတွက် အဆင်သင့်ဖြစ် နေပြီဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**


**ဘာသာပြန် – စိုးသူရ**

# တပ်မတော်က မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့၍ ကျောက်စာခန်းကိုကျရောက်ခဲ့ပြီး ကျောက်စာများ ပျက်စီးသွားခဲ့ကြောင်း မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၅

ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်အား တပ်မတော်က လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် ကျောက်စာခန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောက်စာချပ်များပျက်စီးခဲ့ကြောင်း တရားမဝင် အကြမ်းဖက်အားပေး Narinjara မှ လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးအဖွဲ့က တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၂၄ ရက် ညပိုင်းတွင် AA လက်နက်ကိုင် သောင်းကျန်းသူများက မြောက်ဦးမြို့ရှိ ရဲစခန်း နှစ်ခုအား ရှော့တိုက်ဒုံး၊ လက်နက်ကြီးများဖြင့် အဝေးမှ ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံပြည်သူများနေထိုင်ရာ မြို့အတွင်းရှိ လူနေအဆောက်အအုံနှင့် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်တို့တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး လူနေအဆောက်အအုံအချို့နှင့် ကျောက်စာချပ်များ ပျက်စီးခဲ့ကြောင်း သိရှိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများက AA အကြမ်းဖက် သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံး၊ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုများကို ဖုံးကွယ်လိုသော ရည်ရွယ်ချက်ဖြင့် တပ်မတော်မှ ပစ်ခတ်သည်ဟု မဟုတ်မမှန်ရေးသား၍ သွေးထိုးလှုံ့ဆော်ကာ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၂၂ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Fire Resistant Filing Cabinet ခြောက်လုံးအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၀၀၀၀၀) ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် IK PLUS A4 စက္ကူ ကီလိုဂရမ် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဒီဇင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ထီလုံကျေးရွာအနီး၌ မြဝတီမှ ဘားအံသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Silicone Sealant ကော်ဘူး ၂၄၀၀၊ Nabati Wafer အထုပ် ၄၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၂၈၉ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၅၁၁၀)ကို လည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် သစ်မာ သုည ဒသမ ၉၃၆ တန်နှင့် အခြားသစ် သုည ဒသမ ၄၃၃ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၈၅၅၂)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၃၆၆၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၃၆၆၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၂-၂၀၂၃ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ခန္ဓသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | 'တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှုအလှတရား' |
| ၀၉:၁၅ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | Sports Diary |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၁) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၄၂) |
| ၁၅:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွှင့်ပျံ့အမှန်း' (အပိုင်း-၈၈) |
| ၁၆:၃၅ | 'ရန်ကုန်တက္ကသိုလ်များလေ့လှော်အသင်း၏ ရာပြည့်နေ့ဆီသို့(အပိုင်း-၁)' |
| ၁၇:၁၀ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး' |
| ၁၇:၃၅ | 'ခေတ်သမိုင်း၏အငွေ့အသက်ပဟာဗန္ဓုလပန်းခြံ' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး'(အပိုင်း-၄၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂) |
| ၂၂:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၈) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win,Sein Lei Lei, Nan Sandy) |
| 07:05 | Paper Products... Plain but Pretty |
| 07:28 | Life of A Farmer |
| 08:01 | News |
| 08:27 | Asia Updates; Biodegradable Fabric (NHK World) |
| 08:31 | Thatbyinnyu Temple |
| 08:44 | Living Myanmar Glazed Ceramics |
| 09:01 | Healthy Diet: Fasting Diet |
| 09:09 | Bo Cho Island, Makyonegalet |
| 09:21 | Skilful Marionette Performance of New Generation Artistes |
| 09:37 | Karunar Kabar Home for the Aged (Nay Pyi Taw) |
| 10:01 | News |
| 10:27 | Mural Painting Bagan |

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၈:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၈)

**ရှမ်း (၈:၀၀ မှ ၁၀:၀၀)**
ဒေသထွက်အစားအစာရှောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (ပိုးမွေးမြူရေးနှင့်ခေါက်ဆွဲနှံ့အကြောင်း)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
တောင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
စိတ်ဝင်စားဖွယ်ကယားမြေက အောင်သပြေလိုက်ဂူ

**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ထူးဆန်းဖွယ်ရာဓလေ့ရိုးရာ(စပါးလိပ်ပြာခေါ်ပွဲအကြောင်း)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ရက်၊လ အခေါ်အဝေါ်များ

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
လေးမြားပြုလုပ်ခြင်း

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
မုဒုံမြို့သို့အလည်တစ်ခေါက်ဘင်လှိုင်ဘုရား

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ECONOMIC REVIEW |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | Save Our Planet Program |
| ၁၀:၁၅ | အသိပညာနှင့်အမှန်တရား |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၉) |
| ၁၈:၀၀ | ရွေးကောက်ပွဲများအတွက်အီလက်ထရောနစ် မဲပေးစနစ် |

### MRTV FARMERS / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | တူယှဉ်လက်တွဲရှေ့သို့လှမ်းချီ တောင်သူအခြေပြုသုတေသနစခန်းဆီ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | ၃၉ ဗိုက်ပူ(ဇာတ်လမ်း)(အပိုင်း-၁) |
| ၁၉:၃၀ | Weymiller Family Farm \| Documentary \| Iowa |
| ၂၂:၀၀ | ၃၉ ဗိုက်ပူ(ဇာတ်လမ်း)(အပိုင်း-၂) |
| ၂၃:၃၀ | A visit to Wambugu Apples farmer in Kilimambogo |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း |
| ၀၆:၅၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၃၅ | Football Highlight |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ပုသိမ်ရွှေမုဋ္ဌောဘုရား ရွှေသင်္ကန်းကပ်လှူရန် ကောက်ခံထားသည့် ငွေကျပ် သိန်း ၆၀၀၀ ကို တိုင်းစစ်ဌာနချုပ်က ရန်ပုံငွေအဖြစ်သိမ်းယူခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားအတွက် ရွှေသင်္ကန်းကပ်လှူရန် အလှူခံရရှိထားသည့် ငွေကျပ် သိန်း ၆၀၀၀ ကို တိုင်းစစ်ဌာနချုပ်က ရန်ပုံငွေအဖြစ် သိမ်းယူခဲ့ကြောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ မော်တင်စွန်းစေတီတော်မြတ် ရင်ပြင်တော်တိုးချဲ့ရန် ကောက်ခံရရှိထားသည့် အမေရိကန်ဒေါ်လာများကိုတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လဲလှယ်ခဲ့ကြောင်း တရားမဝင် အကြမ်းဖက်အားပေး Ayeyarwaddy Times မှ လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ စေတီတော်ကြီးများအတွက် လှူဒါန်းထားသည့် အလှူတော်ငွေများအား မည်သည့်ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သိမ်းဆည်းယူဆောင်ထားခြင်းမရှိဘဲ သက်ဆိုင်ရာ ဂေါပကအဖွဲ့များထံတွင်သာ စနစ်တကျ ထိန်းသိမ်းထားရှိကြောင်းနှင့် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဘာသာရေးဆိုင်ရာ စေတီပုထိုးများနှင့်ပတ်သက်၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများကို လုပ်ကြံရေးသားခြင်းသာဖြစ်ပြီး ကောလာဟလသတင်းအမှားသာဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ကာ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ သွားလာရာ လမ်းတံတားများ၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ကျောက်တံခါးမြို့နယ်၊ ဘာဘူကုန်းကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများ Drop–Bomb ချခဲ့သည့်နေရာပြပုံ




ယနေ့တွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ ကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ အမြင့် မီတာ ၅၀၀ ခန့်မှနေ၍ Drop Bomb ဖြင့် နှစ်ကြိမ်ပစ်ချတိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်း Drop Bomb များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အသက် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ ပြည်သူလေးဦး ဖိုးစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူလေးဦးတို့အား ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ ထိုသို့ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက် သမားများ၏ ရက်စက်ယုတ်မာသော လုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Suraj Bjr” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့ဦးရပ်ကွက်နေ အောင်အောင်ထွန်း(ခ)ဆူဒါန်းအား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ “Htet Aung Paing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောခမ္မရပ်ကွက်နေ ထက်အောင်ပိုင်အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “ဥူးရေပြား” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာနေ သိန်းသန်းအောင်အား ည ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ်၌ သမဝါယမအသင်းသားများ၏ မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

**မိုးညှင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် ဆောင်ရွက်သည့် အခြေခံသမဝါယမအသင်း ၁၃ သင်းက စိုက်ဧက ၄၄၂၉ ဧကတွင်ဆင်းကေရီ–၃ စပါးမျိုးအား စိုက်ပျိုးထားရှိသည်။

ယခုအခါ စပါးများ အချိန်မီရိတ်သိမ်းဆောင်ရွက်လျက်ရှိရာ ပင်းဟဲကျေးရွာ ရွှေနေကြာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်က အသင်းသားတောင်သူ ဒေါ်ခင်မာအေး၏ စိုက်ဧက ၁၂ ဧကတွင် ကောက်စိုက်သမ ၁၀ ဦးဖြင့် စပါးရိတ်သိမ်းပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့ဆောင်ရွက်နေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မိုးလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၉၀ မှ ၉၅ တင်းကြား ထွက်ရှိကြောင်း၊ အဆိုပါစပါးရိတ်သိမ်းပြီး လယ်ကေများတွင် ပဲပုပ် ၁၀ ဧကနှင့် နေကြာနှစ်ဧက ပြန်လည်စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဝင်များ ထိုင်းနိုင်ငံလေ့လာရေးခရီးသွားရောက်




ရန်ကုန် ဒီဇင်ဘာ ၂၅

Thai Real Eastate Broker Association ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်းနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုနှင့် အလုပ်အမှုဆောင်များ၊ နေပြည်တော်ဥက္ကဋ္ဌဦးလှမျိုးနှင့် အလုပ်အမှုဆောင်များ၊ ရှမ်းပြည်နယ် (တောင်ကြီး) ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ခိုင်နှင့် အလုပ်အမှုဆောင်များ၊ ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းဒေသကြီး (ထားဝယ်)ဥက္ကဋ္ဌတို့ ပါဝင်သည့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသား အသင်းသူ ၂၉ ဦးတို့သည် ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ပြီး Property Tour အနေဖြင့် Sri Ayutthaya road, Phayathai, Rajthevi, Bangkok ရှိ XT PHAYATHAI by Sansiri Project Condo တို့ကို သွားရောက်လေ့လာကာ Condo အခန်း အရောင်းများကို စုံစမ်းခြင်း၊ မေးမြန်းခြင်း၊ အရောင်းလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် Thai Real Estate Broker Association နှစ် (၃၀) ပြည့် အခမ်းအနားနှင့် BROKER DAY 2023 ကို တက်ရောက်ကြသည် ။

ဒီဇင်ဘာ ၂၂ ရက်တွင် Arnoma Grand Bangkok ၌ ထိုင်းပညာရှင်ခြောက်ဦးတို့က Revolutionizing Real Estate Marketing with Generative AI (Generative AI ဖြင့် အိမ်ခြံမြေဈေးကွက်ကိုတော်လှန်ခြင်း) ကိုလည်းကောင်း၊ Personal Branding and Inbound Marketing ကိုလည်းကောင်း၊ Creative Content Ideas f or Real Estate Marketing (အိမ်ခြံမြေဈေးကွက်အတွက် ဖန်တီးမှုအကြောင်းအရာ အိုင်ဒီယာများ) ကိုလည်းကောင်း၊ Sustainability development in Real Estate (အိမ်ခြံမြေ ရေရှည်တည်တံ့မှု ဖွံ့ဖြိုးတိုးတက်ရေး) ကိုလည်းကောင်း၊ For Sale by Auction (လေလံဖြင့်ရောင်းချခြင်း) ကိုလည်းကောင်း၊ Innovation for Real Estate Broker (အိမ်ခြံမြေအကျိုးဆောင်များအတွက်ဆန်းသစ်တီထွင်မှု) ကိုလည်းကောင်းဟောပြောရာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းဝင်များက ပါဝင်ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်သည် မြန်မာနိုင်ငံ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အသိပညာဗဟုသုတရရှိခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# လယ်ဝေးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

လယ်ဝေး ဒီဇင်ဘာ ၂၅

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပြောင်ခေါင်းကြီးကျေးရွာအုပ်စု ပန်းတင်ကျေးရွာရှိ မိုးကုတ်ဝိပဿနာဘုန်းကြီးကျောင်းတွင် ယမန်နေ့မွန်းလွဲပိုင်းက အခြေခံစာတတ်မြောက်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်လွင်က မြို့နယ်အတွင်း စာသင်ဝိုင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့မှုအခြေအနေများနှင့် အခြေခံစာတတ်မြောက်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စာသင်ဝိုင်းများတွင် စာသင်ကြားပို့ချမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

လယ်ဝေးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးဆောင်ရွက်မှုအနေဖြင့် စည်ပိုင်းကျေးရွာအုပ်စု၊ ရဘိန်းကျေးရွာအုပ်စု၊ အေလာကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စုနှင့် အောင်သာကျေးရွာအုပ်စု ငါးအုပ်စုတွင် စာသင်ဝိုင်း ၁၃ ဝိုင်းဖွင့်လှစ်၍ တစ်ဝိုင်းလျှင် သင်တန်းနည်းပြ နှစ်ဦးစီဖြင့် သင်တန်းသား ၁၄၆ ဦး တက်ရောက်လျက်ရှိသည်။ အဆိုပါသင်တန်းအား ဒီဇင်ဘာ ၂၃ ရက်မှစ၍ တစ်နေ့လျှင် ၃ နာရီနှုန်းဖြင့် ရက်ပေါင်း ၄၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ်၌ Grade-5 ပြီးမြောက်ခြင်း ဆိုင်ရာစာမေးပွဲ မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကျိုက်မရော ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်း (Grade-5)ပြီးမြောက်ခြင်းဆိုင်ရာစာမေးပွဲ မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက်က အထက(ကျိုက်မရော) ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါက်တာ ဒေါ်ခင်သူဇာက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ ငါးဦးတို့က ကဏ္ဍအလိုက် သင်ကြားပို့ချပေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျိုက်မရော မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းပေါင်း ၁၄၀ မှ ကျောင်းအုပ်ကြီးများနှင့် Grade-5 အတန်းသင်ကြားနေသော ဆရာ ဆရာမ စုစုပေါင်း ၂၈၀ တို့တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

လေးမျက်နှာ ဒီဇင်ဘာ ၂၅

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်သည် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းနှင့်အတူ လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ဝေနံမြစ်ပေါက်ရှိ ခတ္တာ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးလမ်းပေါ်ရှိ ခုံကြီးတံတား ပြီးစီးမှုအခြေအနေများကို စစ်ဆေးပြီးနောက် စောပြာ-လှော်ကထားလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို စစ်ဆေးသည်။

ယင်းနောက် စောပြာ-လှော်ကထားလမ်းပေါ်ရှိ စိန်တောင်ကွန်ကရစ်တံတား တည်ဆောက်ပြီးမှုများကို စစ်ဆေးရာ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းက ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းများ စံချိန်စံညွှန်းပြည့်ဝရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်ရွှေ(ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၀ | ၂၆၁၀ | ၂၆၀၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၁၅ | ၂၅၉၅ | ၂၆၉၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၈၀ | ၂၉၀၀ |
| 95 Ron | ၂၆၆၀ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၂၀ | ၂၆၉၅ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၅ | ၂၄၇၅ | ၂၅၁၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၅၅ | ၂၅၅၅ | ၂၇၈၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကြိုးပမ်းလျက်ရှိသည့် ဆင်ဖြူကျွန်းမြို့ ရွှေယာမြေပဲဆီသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း

တွေ့ဆုံမေးမြန်း - ကျော်မင်းဦး၊ ဓာတ်ပုံ - အောင်ကျော်ဇင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉) ရပ်မှ စီးပွားရေးဦးတည်ချက် သုံးရပ်အနက် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"ဟူ၍ မူဝါဒအနေဖြင့် ထုတ်ပြန်ထားပြီး အားပေးမြှင့်တင်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့မှ "ရွှေယာမြေပဲဆီသန့်" ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင် ဦးရွှေဝင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။** ။လုပ်ငန်းစတင်တည်ထောင်ဖြစ်တဲ့အခြေအနေနဲ့ ရည်ရွယ်ချက်လေး ပြောပြပေးပါ။

**ဖြေ။** ။ကျွန်တော် ဒီလုပ်ငန်းကို စတင်လုပ်ကိုင်တာ ၂၀၁၂ ခုနှစ်လောက်ကဆိုတော့ ၁၂ နှစ်ခန့် ရှိပါပြီ။ ဈေးကွက်ထဲမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီဆိုတာလည်း တော်တော်လေး ရှားပါးပါတယ်။ နောက်ပြီးတော့ ပြည်တွင်းသီးနှံစိုက်ပျိုးတဲ့ တောင်သူတွေရဲ့ ဈေးကွက်ဝေစုကလည်း အလွန်နည်းပါးပါတယ်။ မြန်မာ့စားအုန်းဆီဆိုတာကလည်း ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ဒါ့ကြောင့် ပြည်တွင်းထွက်သီးနှံတွေဖြစ်တဲ့ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီစတာတွေကို အသုံးပြုတာက ကျန်းမာရေးနဲ့ ညီညွတ်တဲ့အတွက် စားသုံးသူတွေကို ပစ္စည်းကောင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီတွေ စားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ စတင်တည်ထောင်ရခြင်း ဖြစ်ပါတယ်။

**မေး။** ။အခုလက်ရှိ အနေအထားအရ ဈေးကွက်ဖြန့်ဖြူးမှုဘယ်လောက်အထိ ကျယ်ပြန့်နေပြီလဲ။

**ဖြေ။** ။ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ရခိုင်ပြည်နယ်တွေအထိ ဖြန့်ဖြူးရောင်းချပါတယ်။ အရင်ကတော့ ရန်ကုန်အထိ ဖြန့်ဖြစ်ပါတယ်။ ဒါပေမဲ့ ဈေးကွက်ဝယ်ယူမှုနည်းတာကြောင့် လတ်တလောမှာ ရန်ကုန်ကို ရပ်နားထားပါတယ်။

**မေး။** ။ကုန်ကြမ်းမှ ကုန်ချော၊ ဈေးကွက်တင်ပို့မှုအခြေအနေ သိပါရစေ။

**ဖြေ။** ။အဓိကကုန်ကြမ်းဖြစ်တဲ့ မြေပဲကို မကွေးတိုင်းဒေသကြီးသာမက မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ကလည်း ဝယ်ယူပါတယ်။ ဝယ်ယူထားတဲ့ပဲတွေကို ဆန်ခါချသန့်စင်တာ၊ ပိုးမွှားဆိုင်ရာတွေကို ကာကွယ်တဲ့အနေနဲ့ နေပူလှန်းတာ၊ နောက်ပြီး စက်လည်ဖို့အတွက် စက်ရဲ့ဘွိုင်လာထဲမှာ ရေနွေးငွေ့နဲ့ပေါင်းတာ၊ ဆီကြိတ်တာ စတာတွေကို အဆင့်ဆင့် ပြုလုပ်ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ စစ်ခုံလို့ခေါ်တဲ့ ဆီစစ်တဲ့နေရာမှာ ဆီစစ်ပြီး ပိဿာအလိုက် အရွယ်အစားအမျိုးမျိုး ဘူးထဲထည့်ပြီး ဈေးကွက်ကို တင်ပို့ရောင်းချပါတယ်။

**မေး။** ။လုပ်ငန်း လည်ပတ်နေတဲ့ ဝန်ထမ်းအင်အားနဲ့ ကူညီစောင့်ရှောက်ပေးမှု အခြေအနေ သိချင်ပါတယ်။

**ဖြေ။** ။ဝန်ထမ်းအင်အားကတော့ စုစုပေါင်း ၃၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေကို ကျန်းမာရေးစစ်ဆေးမှုတွေပြုလုပ်ပေးထားတာကြောင့် ကိုဗစ်ကာလတုန်းကလည်း ကူးစက်မှုအလွန်နည်းပါးပါတယ်။ ဒါ့အပြင် ကျွန်တော့်အနေနဲ့ FDA လျှောက်ထားတဲ့အတွက် ဝန်ထမ်းတွေရဲ့ ကျန်းမာရေးစစ်ဆေးမှုတွေလည်း အဓိကထားဆောင်ရွက်ပေးထားပါတယ်။



သန့်စင်ပြီးသော ပဲဆန်များကို မှိုဓာတ်ကင်းစေရန် နေရောင်ခြည်ပြစဉ်။

**မေး။** ။ရင်းနှီးမတည်ငွေ ဘယ်လောက်နဲ့ လုပ်ငန်းစတင်တည်ထောင်ခဲ့ပါသလဲ။

**ဖြေ။** ။ရင်းနှီးမတည်ငွေကတော့ သိန်းတစ်သောင်းခွဲခန့် ရှိပါတယ်။ ကျွန်တော်တို့ ဘွိုင်လာစက်ရဲ့ တန်ဖိုးတစ်ခုတည်းကို သိန်း ၂၅၀၀ ကျော် ၃၀၀၀ လောက်ရှိပါတယ်။

**မေး။** ။အခုလို အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ဦးဖြစ်လာအောင် ကြိုးစားခဲ့ရတဲ့လမ်းခရီးမှာ တွေ့ကြုံရတဲ့အခက်အခဲ၊ ကြိုးစားမှုစတာတွေကို အတုယူလိုက်နာဆောင်ရွက်ရမယ့် ဆောင်ရန်ရှောင်ရန် နည်းလမ်းလေးတွေ ပြောပေးပါ။

**ဖြေ။** ။ဆောင်ရန် ရှောင်ရန်အတွက် အဓိကကတော့ အလုပ်အပေါ် ဇွဲ၊ လုံ့လရှိရှိနဲ့ တစ်သမတ်တည်း လုပ်ဖို့လိုပါမယ်။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ဒါမလုပ်တော့ဘူး၊ တခြားဟာပြောင်းလုပ်မယ်၊ ဟိုဟာပြောင်းလုပ်မယ်၊ ဒီဟာပြောင်းလုပ်မယ်ဆိုတာမျိုး လုပ်လို့မရပါဘူး။ ဒီလုပ်ငန်းကို အောင်မြင်မှုဆီ အရောက်သွားမယ်ဆို မရောက် ရောက်အောင်သွားဖို့ အချိန်တစ်ခုတော့ ပေးဖို့လိုပါတယ်။ အဲဒီအချိန် မရောက်မချင်းတော့ ဇွဲရှိဖို့နဲ့ စိတ်ဓာတ်အင်အားကြံ့ခိုင်ဖို့လည်း လိုအပ်ပါတယ်။ လုပ်ငန်းတစ်ခုအောင်မြင်အောင် လုပ်ဆောင်ဖို့ဆိုရင် အချိန်တစ်ခု စောင့်ဖို့အတွက် ဇွဲရှိရပါမယ်။ ကိုယ်လုပ်မယ့်အလုပ်ကို ကျွမ်းကျင်မှုရှိဖို့လည်း လေ့လာရပါမယ်။



**မေး။** ။ပြည်တွင်းဈေးကွက်ကနေ နိုင်ငံရပ်ခြားအထိ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရေး နိုင်ငံတော်အစိုးရ၊ တစ်နည်းအားဖြင့် တာဝန်ရှိသူတွေဆီကနေ ဘာတွေဖြည့်ဆည်းပေးသင့်တယ်လို့ ထင်မြင်ပါသလဲ။

**ဖြေ။** ။မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှာ ကျွန်တော်က မကွေးတိုင်းဒေသကြီး အတွင်းရေးမှူးအဖြစ် တာဝန်ယူထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက တစ်ဆင့် နိုင်ငံခြားကို တင်ပို့ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ တရုတ်နိုင်ငံကို တင်ပို့ဖို့ ချိတ်ဆက်ကြိုးစားနေပြီး ၅၀ ရာခိုင်နှုန်းလောက် အောင်မြင်နေပြီဖြစ်ပါတယ်။ FDA နဲ့ ဓာတ်ခွဲခန်းစစ်ဆေးမှုအောင်မြင်ပြီးသား လုပ်ငန်းရှင်တွေ စုပေါင်းပြီး အသင်းအဖွဲ့တစ်ခုအနေနဲ့ တရုတ်နိုင်ငံကို တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်။

**မေး။** ။နိုင်ငံတော်အနေနဲ့ လုပ်ငန်းစတင်မတည်လို့ရအောင် ချေးငွေထုတ်ချေးပေးနေမှုအပြင် ထပ်မံပြီး ဘာတွေ လုပ်ကိုင်ဆောင်ရွက်ပေးစေချင်ပါသလဲ၊ ဘာတွေကိုကူညီပေးဖို့ ဖြည့်ဆည်းပေးဖို့ လိုအပ်ပါသလဲ။

**ဖြေ။** ။နိုင်ငံတော်အနေနဲ့ လုပ်ငန်းစတင်လို့ရအောင် ချေးငွေထုတ်ချေးပေးနေမှု မူဝါဒက ကောင်းပါတယ်။ ချေးငွေထုတ်ချေးပေးတဲ့နေရာမှာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာရှိတဲ့ ဆီစက်တွေရဲ့ ချေးငွေရယူထားမှုအခြေအနေတွေကို စိစစ်ပါတယ်။ မူဝါဒအရ ဘဏ်တစ်ခုခုမှာ ချေးငွေရယူထားတဲ့လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးလို့မရပါဘူး။ ဥပမာအနေနဲ့ ကျွန်တော်က တခြားဘဏ်မှာ ချေးတယ်။ အဲဒီလိုချေးတဲ့အတွက် နောက်တစ်ဘဏ်က ကျွန်တော့်ကို ချေးခွင့်မပေးဘူး။ ဘဏ်တစ်ခုမှာ မြေဂရမ်ပေးထားတယ်၊ နောက်ဘဏ်တစ်ခုမှာ နောက်ထပ်တစ်ခု အသစ်ထပ်ပေးနိုင်ရင် ချေးပေးစေလိုပါတယ်။

**မေး။** ။ဒီနိုင်ငံအတွင်းမှာ လုပ်ငန်းရှင်ဖြစ်ဖို့ ကြိုးစားအားထုတ်နေတဲ့ လူတန်းစားမျိုးစုံရှိပါတယ်။ သူတို့အတွက် ခွန်အားဖြစ်စေမယ့် အကြံပြုစကားလေး ပြောပေးစေချင်ပါတယ်။

**ဖြေ။** ။နိုင်ငံတော်က ထပ်မံပြဋ္ဌာန်းလိုက်တဲ့ဥပဒေက တကယ်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဆီကို နိုင်ငံရဲ့ အရေးကြီးထုတ်ကုန်အဖြစ် သတ်မှတ်ပြီးသားဖြစ်တဲ့အတွက် ဆီစက်တွေက FDA ခွင့်ပြုချက်မရရင် စက်မှုကနေ ထုတ်မပေးတဲ့ အနေအထားဖြစ်ပါတယ်။ ဆီစက်လည်ပတ်မယ်ဆိုရင် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီကို ထုတ်လုပ်ဖို့ နိုင်ငံတော်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာဖို့ အဓိကလိုပါတယ်။ ဆီလုပ်ငန်းလုပ်ကိုင်မယ်ဆိုရင် FDA လက်မှတ်ကိုရအောင် လုပ်ပါလို့ပဲ တိုက်တွန်းလိုပါတယ်။ စက်မှုက လိုင်စင်အသစ်လုပ်တာပဲဖြစ်ဖြစ်၊ သက်တမ်းတိုးတာပဲဖြစ်ဖြစ် လုပ်မယ်ဆိုရင် FDA လက်မှတ်မပါရင် တိုးလို့မရပါဘူး။ ဆီက နိုင်ငံရဲ့ အရေးကြီးကုန်စည်ဖြစ်တဲ့အတွက်ကြောင့် FDA ခွင့်ပြုချက်ကို အရင်ယူသင့်ပါတယ်။ အကြံပြုစကားကတော့ ကိုယ်လုပ်တဲ့အလုပ်အပေါ် ဇွဲရှိရှိလုပ်ဖို့နဲ့ ကျွမ်းကျင်ပိုင်နိုင်အောင် အရင်ဆုံးသိအောင်လေ့လာရပါမယ်။ ဘယ်အလုပ်မဆို တစ်သမတ်တည်း လုပ်ဆောင်ဖို့ တိုက်တွန်းချင်ပါတယ်။ ။



ဆီသန့်စင်ခြင်း ဆောင်ရွက်နေစဉ်။



ဆီပါကင် ထုပ်ပိုးစဉ်။

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၁၉ သို့ ✧

✧ စာမျက်နှာ ၁၈ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ဝွေးချို |
| ၇ | မန္တလေး | ၈ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်ာန်းကျွန်း | သဃ်ာန်းကျွန်း | သဃ်ာန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

# မိုင်းယောင်းမြို့နယ်၌ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်

**မိုင်းယောင်း ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ စာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်တွင် တာဝန်ရှိသူများက စာတတ်မြောက်ရေးသင်ကြားခြင်းကို လိုက်လံကြည့်ရှုကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချို၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ယမ်းပုံး၊ ဝမ်မန်း၊ နောင်ဘိုးကျေးရွာနှင့် ဝမ်တုံ့ကျေးရွာတို့၌ အခြေခံမြန်မာစာဘာသာရပ်၊ အခြေခံသင်္ချာဘာသာရပ်များ သင်ကြားခြင်းကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

မိုင်းယောင်းမြို့နယ်တွင် ရပ်ရွာနေပြည်သူများအတွက် စာတတ်မြောက်ရေးသင်ကြားခြင်းကို ဒီဇင်ဘာ ၂၀ ရက်က စတင်ဆောင်ရွက်ပြီး စာသင်ဝိုင်း ၄၃ ဝိုင်းရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲ ကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၂၅**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မြကျွန်းရွှေဝါခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(မြောင်းမြ)တို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ပြည့်စုံစေရေး၊ အသိပညာဗဟုသုတတိုးပွားစေရေး၊ နှုတ်မှုစွမ်းရည်ထက်မြက်ပြီး ရဲဝံ့လိမ္မာစွာစကားပြောဆိုနိုင်ရေးတို့အတွက် လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း (မြောင်းမြ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ "စာဖတ်ခြင်း အလေ့အထ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

လူငယ်စကားဝိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ဒုတိယနှစ်မှ မသော်ဇင်ဝေက "လူငယ်နှင့် စာပေ"၊ မောင်ငြိမ်းချမ်းအောင်က "လူငယ်နှင့် မျိုးချစ်စိတ်"၊ မမေမြတ်မွန်က "လူငယ်နှင့် အားကစား"၊ မောင်ဝေခန့်နိုင်စိုးက "လူငယ်နှင့် စာရိတ္တ" ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့ပြီး မြို့နယ်အားကစားမှူး ဦးစိုင်းဝေလင်းနောင်က ဖြည့်စွက်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပုံပြင်

# ဂီတခရီးသည်များ

ငွေတာရီ

တစ်ရံရောအခါ ရွာတစ်ရွာရှိ လယ်သမားတစ်ဦး၌ မြည်းတစ်ကောင်ရှိသည်။ ထိုမြည်းသည် သခင်အား နှစ်ပေါင်းများစွာ လုပ်ကျွေးလာခဲ့ပြီးနောက် အိုမင်းခြင်းသို့ ရောက်ခဲ့လေ၏။ တစ်နေ့ထက်တစ်နေ့ ပိုမိုအားအင်ချည့်နဲ့လာရာမှ နောက်ဆုံး၌ အလုပ်လုပ်ရန် လုံးဝမသင့်လျော်တော့သောအခြေသို့ ရောက်ရှိလာတော့၏။ ထိုအခါတွင် လယ်သမားသည် သူ့အား ဆက်လက်၍ ကျွေးမွေးထားရန် အလိုမရှိတော့ဘဲ အဆုံးစီရင်ရန် ကြံစည်လေတော့၏။ မြည်းသည်လည်း တစ်စုံတစ်ခုသောဘေးအန္တရာယ်သည် ကျရောက်လာတော့အံ့ဟု ကြိုတင်ရိပ်မိသည်ဖြစ်စေရကား မြို့သို့ တိတ်တဆိတ်ထွက်ပြေးလေတော့၏။ မြို့မှာဆိုလျှင် ၎င်းအား ဂီတပညာရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုကြလိမ့်မည်ဟုလည်း မျှော်လင့်လျက်ရှိသည်။

သို့နှင့် အတန်ငယ်ခရီးပေါက်လတ်သော် လမ်းဘေးတွင် မောဟိုက်ပင်ပန်းစွာ လဲလျောင်းနေသော ခွေးတစ်ကောင်ကို တွေ့မြင်လေ၏။ မြည်းသည် ခွေးအား အဘယ်ကြောင့် ထိုမျှမောပန်း၍ နေရပါသနည်းဟု မေးလေသည်။ ထိုအခါ ခွေးက သူ၏သခင်သည် အိုမင်း၍ အမဲလိုက်ရာ၌ အသုံးမဝင်တော့ပြီဖြစ်သော သူ့အား ဦးခေါင်းကိုရိုက်၍ သတ်မည်ပြုသဖြင့် လက်လွတ်ထွက်ပြေးခဲ့ရပါသည်ဟု ဖြေကြားလေသည်။ ထို့ပြင် သူသည် ရှေ့ဆက်၍ မည်သို့အသက်မွေးရမည်ကို မတွေးတတ်နိုင်ပါဟု ဆိုလေသည်။

ဤတွင် မြည်းက သူသည် မြို့သို့သွား၍ ဂီတပညာရှင်တစ်ဦးအဖြစ် အသက်မွေးမည်ဖြစ်ကြောင်း ပြောကာ ခွေးကိုပါ သူနှင့်အတူလိုက်ခဲ့ရန် ခေါ်လေ၏။ ခွေးသည်လည်း ထိုအကြံကို နှစ်သက်သဖြင့် နှစ်ဦးသားအတူ မြို့ဘက်သို့ ရှေးရှုထွက်ခွာခဲ့ကြပြန်လေ၏။ သူတို့သည် တရွေ့ရွေ့သွားကြ၍ ခရီးများစွာမတွင်မီ လမ်းလယ်ကောင်တွင် ထိုင်နေသော ကြောင်တစ်ကောင်ကို မြင်မိကြလေ၏။ ထိုကြောင်မှာ များစွာပင် ပူဆွေးသောကရောက်နေဟန်ရှိသည်ကို တွေ့ကြရလေသည်။ မြည်းသည် ကြောင်အား နှုတ်ဆက်၍ အကျိုးအကြောင်းမေးမြန်းလေ၏။

ကြောင်ကလည်း သူသည် အသက်အရွယ်ကြီးလာသဖြင့် ရှေးကကဲ့သို့ ကြွက်များကို မဖမ်းနိုင်တော့ဘဲရှိသည်ကို သူ၏သခင်မက ရေတွင်နှစ်ကာ သတ်မည်ပြုပါသည်ဟု ပြန်ပြောလေသည်။ ထို့မှသာမက သူ့မှာ ထိုကဲ့သို့အသက်ဘေးမှ လွတ်မြောက်ခဲ့ရပါသော်လည်း အသက်မွေးဝမ်းကျောင်းအတွက် များစွာအခက်အခဲတွေ့နေရပါသည်ဟု ပြောလေသည်။ ဤတွင် မြည်းက ကြောင်မှာ ညဘက်တွင် အလွန်သာယာစွာသီဆိုနိုင်သော ဂီတပညာရှင်တစ်ဦးဖြစ်သဖြင့် သူတို့နှင့်အတူလိုက်ခဲ့ရန် အကြံပေးလေ၏။ ကြောင်ကလည်း သဘောတူသဖြင့် သုံးဦးသား ခရီးဆက်ခဲ့ကြပြန်လေသည်။

ချက်ချင်းလိုပင် သူတို့သည် ကြက်ခြံတစ်ခုအနီးမှ ဖြတ်၍သွားစဉ် ခြံတံခါးပေါ်တွင်နားရင်း သံကုန်ဟစ်အော်တွန်ကျူးနေသော ကြက်တစ်ကောင်ကို မြင်ကြရပြန်လေ၏။ ရှေးကကဲ့သို့ပင် အကြောင်းကို မေးကြသော် ကြက်က သူသည် အချိန်မှန်မှန်တွန်၍ လူတို့အား များစွာအကူအညီပေးပါသည်။ ရာသီဥတုသာယာမည့်အကြောင်းကိုလည်း တင်ကြိုသတိပေးလေ့ရှိပါသည်။ သို့စဉ်လျက် သူ၏သခင်မနှင့် ထမင်းချက်တို့သည် သူ့ကိုသတ်ဖြတ်၍ တနင်္ဂနွေနေ့တွင် ရောက်လာမည့် ဧည့်သည်များအတွက် ချက်ပြုတ်ကျွေးမည်ဟု ခြိမ်းခြောက်ပါသည်ဟု ပြန်ကြားလေ၏။

ထိုအခါ မြည်းက . . .

"မြတ်စွာဘုရား၊ ကံကောင်း၍သာ ကျွန်ုပ်နှင့်တွေ့ရပေသည်။ အဆွေ၊ အထွေထွေ တွေးမနေပါနှင့်။ ကျွန်ုပ်တို့နှင့်သာ တစ်ပါတည်းလိုက်ခဲ့ပါတော့။ မည်သို့ပင်ဖြစ်စေ အသတ်ခံရသည်ထက်ကား တော်သည်ချည်းသာ။ ထို့ပြင် သင်သည် ဂရုပြု၍ သီချင်းဆိုခြင်းအတတ်ကို လေ့လာပါက ကျွန်ုပ်တို့ လေးဦးစုပေါင်း၍ ပွဲတစ်ခု ကောင်းစွာတည်ထောင်နိုင်ပေလိမ့်မည်"ဟု ပြောလေသည်။ ကြက်ကလည်း ထိုစကားကို နှစ်သက်သဖြင့် အတူတကွလိုက်ပါသွားလေပြန်၏။

❛သူတို့သည် ခရီးဆက်လက်နှင်ရင်း တစ်နေ့ချင်းဖြင့် မြို့သို့မရောက်နိုင်သည်ကို သိလာကြလေ၏။ ထို့ကြောင့် ထိုညအဖို့ တောအုပ်တွင်း၌ပင် အိပ်စက်ကြရန်ဆုံးဖြတ်ကြလေ၏။ မြည်းနှင့်ခွေးတို့သည် သစ်ပင်ကြီးတစ်ပင်၏ခြေရင်းတွင် အိပ်စက်ကြသည်။ ကြောင်ကမူ အကိုင်းများသို့ရောက်အောင် တက်လေ၏။ ကြက်သည်ကား မြင့်စွာတက်လေ ဘေးကင်းလေဟု ယူဆကာ အလွန်မြင့်မားသောထိပ်ဖျားသို့ ပျံတက်လေ၏။ ထို့နောက် ထိုအမြင့်မှနေ၍ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုစုံစမ်းလေသည်❜


သူတို့သည် ခရီးဆက်လက်နှင်ရင်း တစ်နေ့ချင်းဖြင့် မြို့သို့မရောက်နိုင်သည်ကို သိလာကြလေ၏။ ထို့ကြောင့် ထိုညအဖို့ တောအုပ်တွင်း၌ပင် အိပ်စက်ကြရန် ဆုံးဖြတ်ကြလေ၏။ မြည်းနှင့် ခွေးတို့သည် သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် အိပ်စက်ကြသည်။ ကြောင်ကမူ အကိုင်းများသို့ ရောက်အောင် တက်လေ၏။ ကြက်သည်ကား မြင့်စွာတက်လေ ဘေးကင်းလေဟုယူဆကာ အလွန်မြင့်မားသောထိပ်ဖျားသို့ ပျံတက်လေ၏။ ထို့နောက် ထိုအမြင့်မှနေ၍ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုစုံစမ်းလေသည်။

သို့ကြည့်လေသော် အတန်ငယ်ဝေးသောအရပ်၌ တောက်ပထွန်းလင်းသော အရာဝတ္ထုတစ်ခုကို မြင်မိလေ၏။ သူသည် အဖော်များသို့လှမ်း၍ အတန်ငယ်ဝေးသောအရပ်တွင် အိမ်တစ်လုံးရှိသည်ဟု ထင်ကြောင်း၊ မီးရောင်ကို မိမိမြင်ရကြောင်းဖြင့် ပြောပြလေ၏။ မြည်းက သို့ဖြစ်လျှင် သူတို့သည် နေရာပြောင်း၍ စခန်းချသင့်ကြောင်းဖြင့် အကြံပေးလေ၏။ ခွေးကလည်း အကယ်၍ နေအိမ်ဖြစ်ရိုးမှန်လျှင် သူ့အတွက် အရိုးများခဲရန်ရနိုင်မည်ထင်ကြောင်းဖြင့် ထောက်ခံချက်ပေးလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(၁၄-၁၁-၂၀၂၃ ရက်နေ့မှအဆက်)



# ရယ်စရာ ပြုံးစရာ နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**

အင်မတန် နာမည်ကြီးတဲ့ ဟောလီဝုဒ်ရဲ့ သရုပ်ဆောင် ကြယ် ပွင့်တစ်ပွင့်ဟာ ရုပ်ရှင်ဝါသနာရှင်တွေဆီက စာတွေ အလွန်အကျွံရလွန်းလို့ သူ့ကိုယ်ပိုင်စာတိုက်တောင် ဖွင့်ထားရသတဲ့ဗျို့…။




မျက်မှန်ရောင်းသူ – "ဟုတ်ပြီ… ဟောဟိုနံရံပေါ်က ဇယား ခင်ဗျား ဖတ်နိုင်သလား"
လူနာ – "ဘယ်နံရံလဲဗျ…"



အလုပ်ရှင် – ခု ၉ နာရီ ထိုးနေပြီ။ မင်း ဘယ်သွားနေတာလဲ။ မင်း အနေနဲ့ ဒီကို ရှစ်နာရီမှာ ရောက်နေသင့်တာပေါ့…။
အလုပ်သမား – ဘာကြောင့်လဲ ခင်ဗျ။ ရှစ်နာရီတုန်းက ဘာဖြစ်နေခဲ့ လို့လဲဟင်…။



(ဆက်လက်ဖော်ပြပါမည်)

လူမှု ၁၀

# လူငယ်များနှင့် ဉာဏ်ရည်တုနည်းပညာ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

ဉာဏ်ရည်တုနည်းပညာ(AI) သည် ဆယ်ကျော်သက်လူငယ်များအပေါ် လေးနက်သောအကျိုးသက်ရောက်မှုရှိသည်။ ထူးခြားသောစိန်ခေါ်မှုများရှိပြီး စိတ်လှုပ်ရှားဖွယ်အခွင့်အလမ်းများကို ပေးဆောင်သည်။

ဆယ်ကျော်သက်လူငယ်များသည် AI ၏ အလားအလာကို လက်ခံခြင်းဖြင့် ပိုမိုကောင်းမွန်သော သင်ယူမှုအတွေ့အကြုံများမှ အကျိုးကျေးဇူးရရှိနိုင်သည်။ ဤသို့ဖြင့် လူငယ်များသည် အသက်မွေးဝမ်းကျောင်းလမ်းကြောင်းအသစ်များကို ရှာဖွေပြီး မိမိတို့၏အနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်သည်။

စင်စစ် ဉာဏ်ရည်တုနည်းပညာ (AI) သည် ကျောင်းသားများအတွက် အသိပညာဗဟုသုတရရှိရန် အသုံးပြုနိုင်သည်။ ဆိုလိုသည်မှာ ကျောင်းသားများသည် မိမိတို့လိုအပ်သောပညာရေးဆိုင်ရာအကူအညီကို ပံ့ပိုးပေးသည့် AI ကို အသုံးပြုလျက် မိမိတို့ကိုယ်ပိုင်အချိန်တွင် လေ့လာသင်ယူနိုင်သည်။ ဆရာများအနေဖြင့်လည်း ကျောင်းသားတို့၏ သင်ခန်းစာများကို အံဝင်ခွင်ကျဖြစ်အောင် ကူညီပေးနိုင်သည်။

Intel မှ လူငယ်များအတွက် AI အစပျိုးအစီအစဉ်သည် ထိရောက်သော AI သင်ကြားနည်းကို အသုံးချကာ ပညာပေးနေသူများနှင့် ကျောင်းသားများကိုပါ တူညီစေခြင်းဖြင့် ကျွမ်းကျင်မှုကွာဟချက်ကို ပေါင်းကူးပေးမည်ဖြစ်သည်။ နည်းပညာဆန်းသစ်ဖန်တီးမှုနှင့် ပညာရေးသည် အနာဂတ်လုပ်သားအင်အားကို တည်ဆောက်ရန် အဓိကသော့ချက်ဖြစ်သည်။

AI သည် ကွန်ပျူတာတစ်လုံးအတွက် စဉ်းစားတွေးခေါ်နိုင်သောစွမ်းရည်ဖြစ်သည်။ AI ဖြင့် ကွန်ပျူတာများသည် ဘာသာစကားလုပ်ဆောင်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် သင်ယူခြင်းအပါအဝင် ပုံမှန်အားဖြင့် လူငယ်များလုပ်ဆောင်မည့်အလုပ်များကို လုပ်ဆောင်ပေးနိုင်သည်။ AI သည် အခြားနည်းပညာသစ်အမျိုးအစားများကဲ့သို့ပင် ကိရိယာတစ်ခုဖြစ်သည်။ AI သည် အဖြေမှန် သို့မဟုတ် အမှားအပေါ် တုံ့ပြန်ချက်ပေးရုံမျှမက အဆင့်ဆင့်ဖြန့်ကြက်လိုက်ခြင်းဖြင့် ကျောင်းသားတစ်ဦး၏ သင်ယူမှုလုပ်ငန်းစဉ်နှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ပေးသည်။ AI ၏တိကျသော လိုက်လျောညီထွေဖြစ်မှုကြောင့် ကျောင်းသားများသည် AI ၏ အားသာချက်များအသုံးပြုပြီး ကျောင်းသင်ခန်းစာများတွင် အကျိုးရှိရှိအသုံးပြုနိုင်မည်ဖြစ်သည်။

လူငယ်များအနေဖြင့် AI ကို အကျိုးရှိရှိလေ့လာသင့်သည်မှာ ငြင်းမရသောအချက်ပင်ဖြစ်သည်။ AI ကိုလေ့လာရန် ဆွဲဆောင်မှုအရှိဆုံးအကြောင်းရင်းတစ်ခုမှာ ပျင်းစရာကောင်းသောအလုပ်များကို အလိုအလျောက်လုပ်ဆောင်ရန်နှင့် AI နည်းပညာ၏ တိုးတက်မှုများကို သင်ယူရန်ဖြစ်သည်။ AI အခြေပြုဖြေရှင်းနည်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းစဉ်များကို ချောမွေ့စေပြီး ထိရောက်မှုရှိကာ ကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်သည်။ AI ကို နေရာအနှံ့ အသုံးပြုနေကြသော အကြောင်းရင်းမှာ AI သည် ထိရောက်မှု၊ ကုန်ကျစရိတ်လျှော့ချမှု၊ ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်ချခြင်း၊ ဆန်းသစ်ဖန်တီးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုများအတွက် အခွင့်အလမ်းသစ်များအပါအဝင် အကျိုးကျေးဇူးများစွာ ပေးဆောင်ထားပြီးဖြစ်သည်။

လူငယ်များအနေဖြင့် AI ၏ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားသိမြင်နားလည်ဖို့ အရေးကြီးသည်။ AI သည် ထူးခြားပြီး တိကျသေချာသောအလုပ်များကို ဆောင်ရွက်နိုင်သော်လည်း ၎င်းသည် လူသားတို့၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို အပြည့်အဝ ပုံတူကူးချနိုင်မည်မဟုတ်ချေ။ AI သည် အသိဉာဏ်နှင့် စိတ်ခံစားမှုကင်းမဲ့သည်။ ရှုပ်ထွေးသော လူသားအတွေ့အကြုံများအား နားလည်နိုင်စွမ်းကို ကန့်သတ်ထားသည်။

ကျောင်းများတွင် ကလေးလူငယ်များအတွက် AI ကို အကျိုးရှိစွာအသုံးချနိုင်သည်။ ကလေးများ၊ လူငယ်များအား ပညာရေး သို့မဟုတ် လူမှုရေးစွမ်းရည်များကို သင်ကြားပေးနိုင်သော အပြန်အလှန်တုံ့ပြန်သောဂိမ်းများနှင့် အခြားသင်ကြားရေးကိရိယာများကို ဖန်တီးရန် AI ကို အသုံးပြုနိုင်သည်။ ထို့ပြင် ကလေးများ၏ အပြုအမူများကို ခြေရာခံရာတွင် အထောက်အကူဖြစ်စေရန်အတွက် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိုးထွင်းသိမြင်နိုင်စွမ်းများ စုဆောင်းနိုင်ရန် AI ကို အသုံးပြုနိုင်သည်။

ဉာဏ်ရည်တုနည်းပညာနယ်ပယ်သည် ယနေ့ခေတ်နည်းပညာတွင် အလျင်မြန်ဆုံးတိုးတက်နေသောနယ်ပယ်ထဲမှ တစ်ခုဖြစ်သည်။ စက်ဖြင့်လေ့လာသင်ယူခြင်းဆိုင်ရာ အယ်လဂိုရီသမ်များ၊ သဘာဝဘာသာစကားလုပ်ဆောင်မှုနှင့် အခြား AI ဆိုင်ရာ နည်းပညာများ တိုးတက်လာမှုနှင့်အတူ AI သည် လုပ်ငန်းဆောင်ရွက်ပုံ၊ စက်များနှင့် လူများ အပြန်အလှန်ဆက်ဆံပုံနှင့် ကမ္ဘာကြီးကို နားလည်သဘောပေါက်နိုင်ပုံတို့၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ သို့ဖြစ်ရာ AI ကို လေ့လာခြင်းသည် လက်တွေ့ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရန် နည်းပညာစွမ်းအားကို အသုံးချလိုသူတိုင်းအတွက် မရှိမဖြစ်လိုအပ်သည်။

လူငယ်များအနေဖြင့် AI ကို လေ့လာခြင်းသည် တိုးတက်လာသောနည်းပညာများနှင့်အတူ ပါလာသည့် ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို စူးစမ်းလေ့လာနိုင်မည်ဖြစ်သည်။ AI ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ပတ်သက်သောလူငယ်များသည် မိမိတို့၏ အနာဂတ်ကို ပုံဖော်ရာတွင် ၎င်းတို့လုပ်ဆောင်ရမည့် အရေးကြီးသော အခန်းကဏ္ဍကို နားလည်ထားရန်လိုအပ်သည်။ စွမ်းရည်တုနည်းပညာကို လေ့လာခြင်းဖြင့် နည်းပညာနှင့်ပတ်သက်သောနယ်ပယ်များကို စိတ်ဝင်စားသောလူငယ်များအတွက် အသိပညာဗဟုသုတတံခါးများစွာကို ဖွင့်ပေးနိုင်သောတန်ဖိုးမဖြတ်နိုင်သည့် ကြိုးစားမှုတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ အလိုအလျောက်စနစ်မှ အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုအထိ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများမှ လူငယ်များအနေဖြင့် AI ကို လေ့လာခြင်းဖြင့် မရေမတွက်နိုင်သောအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

ယနေ့ခေတ်လူငယ်များသည် AI ဖြင့် ကြီးပြင်းလာနေကြပြီဖြစ်သည်။ လူငယ်တို့၏တန်ဖိုးများ၊ တွေးခေါ်ပုံနည်းလမ်းများအပေါ် မိဘများ၏ လွှမ်းမိုးမှုသာမက AI ကဲ့သို့သော နည်းပညာ၏အကျိုးသက်ရောက်မှုများကလည်း လွှမ်းမိုးလာနေပြီဖြစ်သည်။ Gen Z နှင့် Generation Alpha ဟု လူသိများသော ယနေ့ခေတ်လူငယ်များသည် နည်းပညာဖြင့်ကြီးပြင်းလာသည်။

သို့ဖြစ်ရာ လူငယ်များအတွက် AI နည်းပညာကို ပညာရေးဆိုင်ရာတွင် အကောင်းဆုံးအသုံးပြုနိုင်သည်။ ကျောင်းများတွင် AI ကို အသုံးပြုခြင်းဖြင့် နည်းပညာဆန်းသစ်ဖန်တီးမှုများကို စတင်လုပ်ဆောင်နေကြပြီဖြစ်သည်။ စာသင်ခန်းများတွင် AI နည်းပညာဖြင့် ကျောင်းသားတစ်ဦးစီ၏ ပညာရေးတိုးတက်မှုကို ပိုမိုကောင်းမွန်စွာပေးစွမ်းနိုင်ပြီဖြစ်သည်။ ထို့ကြောင့် ဉာဏ်ရည်တုနည်းပညာသည် လူငယ်များအနေဖြင့် ကောင်းကျိုးအတွက် အသုံးပြုနိုင်သော အသိဉာဏ်ပညာဆိုင်ရာအထောက်အကူပြုကိရိယာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများ

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုသည် ယဉ်သည်၊ လှသည်၊ ရိုးရှင်းသည်၊ ကျက်သရေရှိ၍ ကမ္ဘာကပင် လေးစားအားကျ ဂုဏ်ယူလောက်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ဖြစ်ပေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများတွင်လည်း သူတို့ဓလေ့ယဉ်ကျေးမှုများနှင့် ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုရှိကြသည်။

မျက်မှောက်ခေတ် မြန်မာအမျိုးသား၊ အမျိုးသမီးများသည် ပျူခေတ်၊ ပုဂံခေတ်များနှင့် မတူဘဲ တိုက်ပုံအင်္ကျီ၊ ပုဆိုးနှင့် ရင်ဖုံးအင်္ကျီ၊ ထဘီကိုဝတ်ဆင်ကာ ရိုးရိုးယဉ်ယဉ်လေး ဝတ်စားဆင်ယင်နေထိုင်ကြပြီး ဘုရားသွားကျောင်းတက်၊ အလှူမင်္ဂလာပွဲလမ်းသဘင်များတွင်လည်း မြန်မာဝတ်စုံများဖြင့် ကျက်သရေရှိရှိ ဝတ်ဆင်လာကြသူများဖြစ်ကြသည်။ ဤကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့် ထုံမွမ်းနေသည့် ဝတ်စားဆင်ယင်မှုများသည် မြန်မာလူမျိုးများ၏ လူနေမှုအကျင့်စရိုက် လက္ခဏာများကို ဖော်ကျူးပြသနေသော သမိုင်းအစဉ်အလာ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခု ဖြစ်ခြင်းကြောင့် တန်ဖိုးထားပြီး မပျောက်မပျက် မတိမ်ကောရလေအောင် ယနေ့ခေတ်မောင်၊ မယ်များက ဆက်လက်ထိန်းသိမ်းရပေဦးမည်။

**ဧယျာထက်(မင်းဘူး)**



















## တွံတေးမြို့နယ်၌(၈၃)ကြိမ်မြောက် ရွှေကျင်နိကာယဂိုဏ်းလုံးဆိုင်ရာ ဝိနယဓရ စာတော်ပြန်ပွဲ ကျင်းပ

**တွံတေး ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း (၈၃)ကြိမ်မြောက် ရွှေကျင်နိကာယဂိုဏ်းလုံးဆိုင်ရာ ဝိနယဓရ စာတော်ပြန်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက စကြံ်နကျောင်းတိုက်ရှိသီလဝိသောဓနိ သိမ်ကျောင်းတော်ကြီး၌ ကျင်းပကြောင်း သိရသည်။

ရွှေကျင်နိကာယဂိုဏ်းလုံးဆိုင်ရာ ဝိနယဓရ စာတော်ပြန်ပွဲတွင် ကျောင်းသစ်ပရိယတ္တိစာသင်တိုက် မြို့နယ်ရွှေကျင်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တနာရက(ဒဿန)ဆရာတော်က စာပြန်ပွဲ ကျင်းပရခြင်းအား လျှောက်ထားပြီး အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ကာ စာထောက်/စာမဆရာတော်များနှင့် စာပြန်သံဃာတော် များက ဝိနည်းများပြန်ဆိုကြကြောင်းသိရသည်။ ၂၀၂၃ ခုနှစ် နတ်တော်လဆန်း ၁၃ရက်တွင် တွံတေး မြို့နယ် ရွှေကျင်နိကာယဂိုဏ်းလုံးဆိုင်ရာ ဝိနယဓရ စာတော်ပြန်ပွဲတွင် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလတန်းဖြေဆိုခြင်းဖြင့် သာသနာတော် သုံးရပ်၏ အခြေခံမူလဘူတဖြစ်သော ပရိယတ္တိသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေးကို ရှေးရှု၍ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ကာ နေလို၊ လလို ထွန်းလင်းတောက်ပနေစေရန်အတွက် ရည်ရွယ်ကာ ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။

တွံတေးမြို့နယ်အတွင်းရှိ ရွှေကျင်ကျောင်းတိုက်များမှ ရဟန်း သာမဏေ စုစုပေါင်း အပါး ၈၀ ဒီဇင်ဘာ၂၅ ရက်မှ ၂၇ ရက် အထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**

## မေတ္တာအရင်းခံကြသူများ ပရဟိတအဖွဲ့က ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်း အိမ်ထောင်စု ၁၀၀ အား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်း အိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ မေတ္တာအရင်းခံကြသူများ ပရဟိတအဖွဲ့က ယမန်နေ့တွင် ပုဂံမြို့ဟောင်းရှိ စိမ်းညက်ညီအစ်မဘုရားကြီး ရင်ပြင်၌ ဝင်ငွေနည်း အိမ်ထောင်စု ၁၀၀ အား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ဦးမြို့နှင့် ပုဂံမြို့ပေါ်ရှိ ရပ်ကွက်များနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဝင်ငွေနည်း အိမ်ထောင်စု ၁၀၀ အား အိမ်ထောင်စု တစ်စုလျှင် ဆန်နှစ်ပြည် ၊ ဆီ ၅၀ ကျပ်သား ၊ ကြက်ဥ ၁၀ လုံး ၊ ကုလားပဲ ၊ ကြာဆံထုပ် ၊ ငါးသေတ္တာဘူးများ အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို စနစ်တကျ ထောက်ပံ့လှူဒါန်းပေးအပ်ရာ အလှူရှင်မိသားစုနှင့် အတူ လိုအပ်သည်များကို ပုဂံမြို့ သီရိပစ္စယာ လူမှုကူညီရေးပရဟိတအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**



## တပ်ကုန်းမြို့၌ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ချီးကျူးပူဇော်ပွဲကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် ပဏ္ဍိတာ ရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာနန္ဒ (မြတ်ဘုန်း-တပ်ကုန်း)အား ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတာနန္ဒဆရာတော်အား ထပ်ဆင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါစာသင်တိုက်၊ ယာယီမဏ္ဍပ် တွင် ကျင်းပသည်။

အဆိုပါ ထပ်ဆင့်ချီးကျူးပူဇော်ပွဲတွင် အနော်ရထာရပ်ကွက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီ အရှင်သူမြတ်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကာ ဓမ္မတေးဂီတအဖွဲ့က ထူးမခြားနား သီချင်းကြီး တစ်ပိုဒ်ဖြင့် သီကျူးပူဇော်ပြီး မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တစန္ဒသိရီ ဆရာတော်က သာရဏီယ ဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် ၂၀၂၃ ခုနှစ် စိန်ရတု လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်ခြင်းခံရသော သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတာနန္ဒ ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြား၍ ဗိုလ်မင်းရောင်ရပ်ကွက် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတက အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ထပ်ဆင့်ချီးကျူးပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လတ်က သာသနာရေးဆိုင်ရာများ လျှောက်တင်ခဲ့သည်။

ထို့နောက် ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာ နန္ဒ (မြတ်ဘုန်း-တပ်ကုန်း)အား နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် လှူဒါန်းမှုအစုစုကို ဆရာစံ ရပ်ကွက် ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် စာချနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိက ရေစက်ချတရားတော် ချီးမြှင့်၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပ

**သုံးခွ ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် ကွင်းဆင်း ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူး ဦးမင်းသူက နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေးရခြင်း၏ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက်အကြောင်း၊ ကတ်ပြားရရှိခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ ကတ်ပြားအား မပျောက်မပျက် အောင်စနစ်တကျ ထိန်းသိမ်းရမည့် နည်းလမ်းများကို လည်းကောင်း ရှင်းလင်းပြောကြား သည်။

ယင်းနောက် သုံးခွမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်(လဝက) ဦးစီးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၃၅၆ ဦးတို့ထံ နိုင်ငံသားစိစစ်ရေးကတ် ပြားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**



## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားနှင့် မြေစာပင်များ”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လွတ်လပ်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၌ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားဧည့်သည်များဖြင့် စည်ကား

**ညောင်ဦး ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများ စွယ်တော်သုံးဆူ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားငွှောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် လာရောက်လည်ပတ်သည့် ပြည်တွင်း ဘုရားဖူးဧည့်သည်များ များပြားလျက်ရှိကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်းပြည်ပခရီးသွား အဆက်မပြတ်သည့် မြို့ဖြစ်ကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်/ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုးထိုးမလွဲ တစ်နေရာနှင့်တစ်နေရာ မဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်းပြည်ပ ခရီးသွားများကို အလွန်ပင်ဆွဲဆောင်လှကြောင်း ခရစ္စမတ်အားလပ်ရက် ပုဂံ-ညောင်ဦး ဘုရားဖူး လာရောက်သူဦးရေ ၂၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြကြောင်း ရွှေစည်းခုံဘုရား ဂေါပကရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။

**ဒီပါလင်း**

# ခရမ်းမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ခရမ်းမြို့ အထက(၁)၊ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အစဉ်အလာမပြတ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ဆရာကြီး ဆရာမကြီးများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်၌ အိမ်တိုင်ရာရောက် ပူဇော်ကန်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ဦးအောင်လွင် ၀၉-၄၂၀၀၂၃၉၇၃၊ ကိုရဲဝင်းကျော် ၀၉-၇၈၅၆၁၇၃၃၈၊ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀၊ ကိုရဲမင်းဦး ၀၉-၉၆၆၉၀၁၄၀၀၊ ဦးသက်ထွန်းဦး ၀၉-၄၂၀၀၂၄၀၀၀၊ မမိုးသဇင် ၀၉-၇၂၉၉၀၇၇၉၊ ဦးရဲထွဋ်(ရန်ကုန်) ၀၉-၇၇၇၂၀၉၉၀၄၊ ကိုဝေယံ(၂၀၀၁)၀၉-၇၉၉၃၇၇၁၁၅၊ ဒေါ်ဖြူဖြူဝင်း ၀၉-၆၈၁၅၁၆၁၉၆၊ ကိုချစ်ဝိုင်းနန်း ၀၉-၇၉၉၄၅၇၂၄၀၊ ဦးမိုးကျော်ခိုင်(၈၇) ၀၉-၆၉၂၃၄၈၅၅၆၊ ကိုပိုင်ပိုင်မျိုး(၂၀၀၂) ၀၉-၇၉၉၃၇၉၁၃၃၊ ဦးစန်းယု ၀၉-၄၅၀၀၄၆၀၇၄၊ ကိုချမ်းငြိမ်းလှိုင် ၀၉-၇၈၅၁၉၂၀၄၅၊ ကိုဇော်အောင်(၈၈) ၀၉-၄၂၅၃၀၄၄၄၃၊ ကိုဝေပိုင်(၂၀၀၃) ၀၉-၇၇၉၆၀၁၀၈၀၊ ကိုကျော်စိုးမိုး ၀၉-၉၇၁၅၂၀၂၀၆၊ ကိုလှိုင်ကျော်လင်း ၀၉-၇၈၁၁၂၉၁၀၉၊ ကိုနေဝင်းဦး ၀၉-၇၉၉၃၇၉၆၃၃၊ ကိုထက်အောင်ကျော်(၂၀၀၉) ၀၉-၄၂၀၀၂၃၉၄၉၊ မမွန်မွန်လင်း(၉၀) ၀၉-၄၂၀၁၉၂၂၃၅၊ ကိုသက်ကိုဦး ၀၉-၇၉၃၀၀၉၃၅၉၊ ကိုကိုဦး(ရန်ကုန်) ၀၉-၇၉၅၃၃၀၉၅၉၊ ကိုဟိန်းထက်ဇော်(၂၀၁၃) ၀၉-၇၈၆၆၅၃၃၅၅၊ မဇင်မာခိုင်(၉၂) ၀၉-၉၅၅၅၂၉၆၆၉၊ ကိုဇော်လင်း(ရန်ကုန်) ၀၉-၅၅၀၂၀၁၃၊ ကိုညီညီလှိုင် ၀၉-၅၀၅၁၉၀၅၊ ကိုလမင်း(ရန်ကုန်) ၀၉-၅၁၇၆၅၇၄၊ ကိုထားဝယ်(၉၆) ၀၉-၇၉၀၁၃၆၃၄၈၊ မမြင့်သက်ခိုင်(ရန်ကုန်) ၀၉-၅၁၆၃၁၀၉၊ မအေးအေးသိန်း(၉၇) ၀၉-၇၅၆၁၈၇၅၁၁၊ မယဉ်ယဉ်သန်း(ရန်ကုန်) ၀၉-၅၁၉၀၈၁၃၊ မဝါဝါလှိုင် ၀၉-၄၅၀၀၁၈၈၃၈၊ ကိုသန့်ဇော်မြ ၀၉-၅၁၉၄၈၂၁၊ ကိုထွန်းထွန်းနိုင်(၉၈) ၀၉-၉၅၀၄၄၅၄၄၅၊ ကိုဇော်မျိုးအောင်(နေပြည်တော်) ၀၉-၉၆၉၆၀၆၅၆၀၊ မဝင်းမင်းသန်း ၀၉-၄၄၄၇၇၂၂၈၆၊ ကိုအောင်ကျော်ဇော ၀၉-၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး(၂၀၀၀) ၀၉-၇၉၉၃၇၇၃၉၉ နှင့် CB Bank Sp Acc – ၀၁၆၂၆၀၀၉၀၀၀၁၁၈၀၈၊ K Pay– ၀၉–၄၂၀၀၂၄၀၀၀ ဖော်ပြပါ ပူဇော်ပွဲကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ဆောင်းသီးနှံကြက်သွန်များ စတင်စိုက်ပျိုးလျက်ရှိ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းရာသီ သီးနှံအဖြစ် ချောင်းကြက်သွန်/ကုန်းကြက်သွန်များ စတင်စိုက်ပျိုးလျက်ရှိသည်။ ကြက်သွန်ဈေးကောင်းမွန်သဖြင့် ယခုနှစ်တွင် စိုက်ပျိုးသူများပြားကြောင်းနှင့် ကြက်မောက်တောင်ဆည်ဝန်းကျင်ကျေးရွာများ၊ ပင်းချောင်းလွင်ပြင်ကျေးရွာများနှင့် ပုပ္ပားတောင်မကြီးမြောက်ဘက်ဒေသ ကျေးရွာအချို့တို့တွင် ကြက်သွန်စိုက်တောင်သူများ လုပ်ငန်းခွင်ဝင်ရောက်နေကြပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်တွင် ဆောင်းကြက်သွန်များကို ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများတွင် အများအပြား စိုက်ပျိုးကြသည်။ ကြက်သွန်စိုက်ပျိုးရန်အတွက် ကြက်သွန်စိုက်တောင်သူများက သီတင်းကျွတ်လပြည့်ကျော်မှ စတင်၍ ကြက်သွန်မျိုးစေ့ဝယ်ယူ ပျိုးထောင်ကြရသည်။ အချို့တောင်သူများက မျိုးစေ့ကို ကိုယ်တိုင်စုဆောင်းထားရှိပြီး ပျိုးထောင်ချိန်တွင် စိတ္တိန်းတောင်/မြောက် ကျေးရွာများမှ ဒေသအခေါ်ကျော်မင်းမျိုးနှင့် စဥ့်အိုးမျိုးများကို မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် တစ်သိန်းခန့်ပေးဝယ်ယူကြရကြောင်းနှင့် မြစ်သားမြို့နယ်မှ လာသည့် မြစ်သားမျိုးရင်း တစ်ပြည်လျှင် ငွေကျပ် ၁၂၀၀၀၀ ခန့် ပေးဝယ်ရသည်။ ကြက်သွန်တစ်ခုံလျှင် အရှည် ၁၀ ပေမှ ပေ ၂၀ ခန့်ရှိ၍ အကျယ်မှာ လေးပေခန့်ရှိကြောင်းနှင့် ၎င်းပေါင်ပေါ်တွင် ကြက်သွန် တစ်တန်းနှင့် တစ်တန်း တစ်ထောင်ထွာအကွာ စိုက်ပျိုးကြပြီး အလယ်တွင် မျိုးယူမည့်ဥကို ထည့်သွင်းစိုက်ပျိုးကြကြောင်း သိရသည်။

ကြက်သွန်းစိုက်ပျိုးချိန်တွင် နေ့စားအလုပ်သမားခမှာ တစ်နေ့ကုန် ငွေကျပ် ၆၀၀၀ ဖြစ်ပြီး ကြက်သွန်ခင်းတွင် အဓိက အသုံးပြုသည့် သဘာဝမြေဩဇာဖြစ်သော နွားချေးမှာ ထော်လာဂျီတစ်စီးတိုက်လျှင် ငွေကျပ် ၆၀၀၀၀ ပေးရကြောင်းနှင့် ငုံးချေးမှာ တစ်တင်းခွဲဝင်အိတ်တစ်လုံးလျှင် ငွေကျပ် ၉၀၀၀ ဖြစ်ကြောင်း သိရသည်။ ကြက်သွန်စိုက်ခင်း တစ်ဧကစာအတွက် အသုံးပြုသည့် သဘာဝမြေဩဇာမှာ နွားချေးငါးစီး၊ ဖော့စဖိတ်မြေဩဇာ တစ်လုံးနှင့် ငုံးချေး ၁၀ အိတ်ခန့် အသုံးပြုရကြောင်း သိရသည်။



ကြက်သွန်းဈေးမှာ ယမန်နှစ်က ပေါ်ဦးပေါ်ဖျား တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ကျော်အထိ ဈေးရှိခဲ့ပြီး ယခုအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀ ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဟိုင်းကြီးကျွန်းမြို့၌ ဆောင်းသီးနှံနေကြာ မျိုးစေ့များ ကြဲပက်စိုက်ပျိုး

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ပိုက်ဆံလျှော်ပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ငပုတောမြို့နယ် စိုက်တိုးမြှင့်ဦးစီးဌာန ဦးကျော်သူနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆောင်းသီးနှံနေကြာမျိုးစေ့များအား လက်တွေ့ကြဲပက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ငပုတောမြို့နယ် စိုက်တိုးမြှင့်ဦးစီးဌာနနှင့် တာဝန်ရှိသူများသည် ပြင်ခရိုင်ကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ဦး၏ လယ်မြေတစ်ဧက၌ ပိုက်ဆံလျှော် အောင်မြင်ဖြစ်ထွန်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆောင်းသီးနှံနေကြာမျိုးစေ့များ လက်တွေ့ကြဲပက်စိုက်ပျိုးခဲ့သည်။

ဆက်လက်ပြီး ငပုတောမြို့နယ် စိုက်တိုးမြှင့်ဦးစီးဌာနနှင့် တာဝန်ရှိသူများသည် ဝါးကုန်းကျေးရွာအုပ်စု တောင်သူ ဦးဝင်းအောင်ထွန်း၏ လယ်မြေ ၄ ဒသမ ၁၇ ဧကနှင့် ချောင်းဝကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်သိန်း၏ လယ်မြေတစ်ဧက၌ ပိုက်ဆံလျှော်အောင်မြင်ဖြစ်ထွန်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆောင်းသီးနှံနေကြာမျိုးစေ့များ လက်တွေ့ကြဲပက်စိုက်ပျိုးခဲ့ကြကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ အချိုးကျသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြသခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် ကျောက်ဆည်မြို့နယ် တောင်နံ့သာကျေးရွာမှ နီစိမ်းဝါ ယိုမျိုးစုံလုပ်ငန်း

**တွေ့ဆုံမေးမြန်း - တင်တင်ထွေး(ပြန်/ဆက်)၊ ဓာတ်ပုံ - အောင်ပိုင်ပိုင်ကျော်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၃၈ ခု၊ စဉ့်ကိုင်မြို့နယ်တွင် လုပ်ငန်း ၂၀၊ တံတားဦးမြို့နယ်တွင် လုပ်ငန်း ၃၉ ခု၊ မြစ်သားမြို့နယ်တွင် လုပ်ငန်းခြောက်ခု စုစုပေါင်းလုပ်ငန်း ၁၀၃ ခု လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် ကျောက်ဆည်မြို့နယ် တောင်နံ့သာကျေးရွာမှ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်း ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကို ပြည်သူများသိရှိစေရန် နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းမှ ဦးဇော်လင်းအောင်အားတွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်-

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်း စတင်တည်ထောင်ဆောင်ရွက်ခဲ့ပုံကို သိပါရစေ။**

**ဖြေ။** ။ ကျောက်ဆည်မြို့နယ်အတွင်းက ဒေသထွက်ကုန်တွေဖြစ်တဲ့ သံပရာသီး၊ ရှောက်သီး၊ သရက်သီး၊ ဆီးသီးစတဲ့ ဒေသထွက်သီးနှံတွေပေါများတာကြောင့် ကျွန်တော့်မိဘတွေက ၂၀၀၃ ခုနှစ်ကနေစပြီး နီစိမ်းဝါယိုမျိုးစုံအမည်နဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ၂၀၁၁ ခုနှစ်မှာ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့တာ ယနေ့အချိန်အထိပါပဲ။

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံ လုပ်ငန်းအနေနဲ့ ကုန်ကြမ်းတွေ ဘယ်လိုရရှိပါသလဲ။**

**ဖြေ။** ။ နီစိမ်းဝါယိုမျိုးစုံ လုပ်ငန်းအနေနဲ့ ကုန်ကြမ်းတွေကို ကျောက်ဆည်မြို့နယ်နဲ့ စဉ့်ကိုင်မြို့နယ်ကနေ သံပရာသီး၊ ရှောက်သီး၊ ဆီးသီး၊ သဘော်သီးတွေ ဝယ်ယူရရှိပါတယ်။ မန်ကျည်းသီးကိုတော့ ပခုက္ကူမြို့နယ်ကနေ ဝယ်ယူရရှိပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံ လုပ်ငန်းအနေနဲ့ ပစ္စည်းဘယ်နှမျိုးကို ထုတ်လုပ်ဖြန့်ဖြူးပါသလဲ။**

ဖြေ။ ။ မိဘတွေလက်ထက် စတင်လုပ်ကိုင်စဉ်ကတည်းက နီစိမ်းဝါတံဆိပ်နဲ့ ဆီးယို၊ မန်ကျည်းယို၊ ရှောက်ယိုဆိုပြီး ယိုသုံးမျိုးကို စတင်ထုတ်လုပ်ခဲ့ပြီး ကျွန်တော့်လက်ထက်မှာတော့ အဲဒီယိုသုံးမျိုးအပြင် သဘော်ယို၊ သရက်ယို နှစ်မျိုးကို တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနေပါတယ်။

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံ လုပ်ငန်းအနေနဲ့ တစ်နေ့ ကုန်ချောဘယ်နှမျိုး ထုတ်လုပ်ရောင်းချပါသလဲ။**

**ဖြေ။** ။ ဆီးယိုကိုတော့ အထုပ်ငယ်ပေါင်း ၇၅၀၊ သရက်ယိုက အထုပ်ငယ်ပေါင်း ၁၅၀၀၊ မန်ကျည်းယို အထုပ်ငယ်ပေါင်း ၁၅၀၀၊ သဘော်ယို အထုပ်ငယ်ပေါင်း ၃၀၀၀နဲ့ ရှောက်ယိုအထုပ်ငယ်ပေါင်း ၇၅၀ ကို နေ့စဉ်ကုန်ချောအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းအနေနဲ့ အလုပ်သမားဘယ်နှဦးနဲ့ လုပ်ငန်းတွေလည်ပတ်လုပ်ကိုင်ပါသလဲ။**

**ဖြေ ။** ။ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းအနေနဲ့ စတင်လုပ်ကိုင်စဉ်ကတော့ အလုပ်သမား ၃၀ ကျော်နဲ့ လုပ်ကိုင်လည်ပတ်ဆောင်ရွက်ပါတယ်။ ယခုအခါမှာတော့ ဒေသခံအလုပ်သမား ၁၀၀ ကျော်နဲ့ လုပ်ငန်းတွေ လည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူတွေလည်း





နေ့စဉ်ဝင်ငွေရရှိပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ဖော်ဆောင်ပေးရာရောက်တာမို့ လုပ်ငန်းတွေ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်အောင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းအနေနဲ့ အလုပ်သမားလုပ်ခလစာကို ဘယ်လိုသတ်မှတ်ထားပါသလဲ၊ အလုပ်သမားတွေက ကျောက်ဆည်မြို့နယ်ကလား၊ တခြားနယ်တွေက လာရောက်လုပ်ကိုင်တာရှိပါသလား။**

**ဖြေ။** ။ ကျွန်တော်တို့ အလုပ်သမားတစ်ဦးကို တစ်နေ့ ငွေကျပ် ၇၀၀၀ ကနေ ငွေကျပ် ၁၂၀၀၀ အထိ ရရှိကြပါတယ်။ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းအနေနဲ့ ကျောက်ဆည်မြို့နယ် ဒေသခံလူငယ်တွေကို ဦးစားပေးရွေးချယ်ခေါ်ယူပါတယ်။ စဉ့်ကိုင်မြို့နယ်နဲ့ နွားထိုးကြီးမြို့နယ်တွေကလည်း လာရောက်လုပ်ကိုင်ကြတာတွေ ရှိပါတယ်။ ရိုးသားကြိုးစားပြီး အလုပ်လုပ်ချင်တဲ့ လူငယ်တွေကို အလုပ်ခန့်ပေးပါတယ်။ အဓိကကတော့ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားနိုင်တဲ့ ကလေးတွေကို ဦးစားပေးခန့်ထားပါတယ်။ ကျွန်တော့်ဆီမှာ အလုပ်လုပ်ခွင့်ရနေတာမို့ လက်ရှိမိသားစုစားဝတ်နေရေးအဆင်ပြေစေဖို့ အထောက်အကူဖြစ်စေပါတယ်။

**မေး။ ။ MSMEလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နီစိမ်းဝါ ယိုမျိုးစုံလုပ်ငန်းအနေနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်မှု အခြေအနေတွေကို သိပါရစေ။**

**ဖြေ။** ။ ဒေသတွင်း MSMEလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းအနေနဲ့ စတင်လုပ်ကိုင်ခဲ့စဉ်က မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ၂၀၁၅ ခုနှစ်မှာ မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်က ဆောင်ရွက်ပေးတဲ့ MSME ချေးငွေနဲ့ ကျွန်တော်တို့ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုအခါမှာတော့ ကျောက်ဆည်ခရိုင်မှာလည်း အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဖွဲ့စည်းထားရှိပြီးဖြစ်လို့ လိုအပ်တဲ့ နည်းပညာတွေ၊ ငွေကြေးကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးလို့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ နီစိမ်းဝါယိုမျိုးစုံလုပ်ငန်းအနေနဲ့ ယိုမျိုးစုံ ငါးမျိုး ထုတ်လုပ်တဲ့နေရာမှာ ဘယ်ဒေသတွေကို ဖြန့်ချိရောင်းချပါသလဲ။**

**ဖြေ။** ။ လက်ရှိဖြန့်ချိတာကတော့ မန္တလေး(ဈေးချို) ကို နေ့စဉ် သွားရောက်ဖြန့်ချိပေးပို့ပါတယ်။ မန္တလေး(ဈေးချို) ကနေတစ်ဆင့် ဆီးယို၊ ရှောက်ယို၊ သရက်ယို၊ သဘော်ယို၊ မန်ကျည်းယို အထုပ်ငယ်ပေါင်း ၇၅၀၀ ကျော်ကို မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ နေ့စဉ်ဆက်လက် ဖြန့်ချိပေးပို့ရောင်းချပေးလျက်ရှိပါတယ်။ အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူသူတွေ၊ ဖုန်းနဲ့ ဆက်သွယ်မှာယူကြတဲ့သူတွေကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

**မေး။ ။ စီးပွားရေးလုပ်ငန်းတွေ စတင်တည်ထောင်မယ့် လူငယ်တွေအတွက် ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ ကိုယ့်ဒေသက အဓိကထွက်ရှိတဲ့ သီးနှံတွေနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ တည်ထောင်ပြီး လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကိုယ့်ဒေသက ထွက်ရှိတဲ့ သီးနှံတွေဖြစ်တာကြောင့် သယ်ယူစရိတ်တွေလည်း သက်သာပါတယ်။ ဒေသထွက်ကုန်ဖြစ်တဲ့အတွက် ဈေးကြီးကြီးလည်း ပေးဝယ်စရာမလိုဘူး။ MSME လုပ်ငန်းအနေနဲ့ လုပ်ကိုင်နိုင်ပြီး မိသားစုစားဝတ်နေရေးအပြင် ကိုယ့်ဘဝတက်လမ်းကိုလည်း အများကြီး အထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့် ကိုယ့်ဒေသက ထွက်ရှိတဲ့သီးနှံတွေကို ကုန်ကြမ်းကနေ ကုန်ချောအဖြစ် နည်းပညာအသုံးပြုပြီး ထုတ်လုပ်ရောင်းချနိုင်မယ်ဆိုရင် ကိုယ့်ဘဝရပ်တည်ဖို့သာမက မိသားစုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေအတွက် စားဝတ်နေရေးအဆင်ပြေစေတဲ့အပြင် လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်မှာဖြစ်လို့ ယနေ့လူငယ်တွေ ကြိုးစားလုပ်ကိုင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ။



နိုင်ငံတကာဆောင်းပါး

# ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချရန်လိုအပ်သည့် ယနေ့ကမ္ဘာ

စိုးသူရ



ယနေ့ကမ္ဘာတွင်ရေကြီးခြင်း၊မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ အပူချိန်မြင့်တက်ခြင်း စသည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ အများအပြား ဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သော ဖန်လုံအိမ်ဓာတ်ငွေ့ တိုးတက်ထုတ်လွှတ်လာမှုကို ရပ်တန့်နိုင်ရန်လိုအပ်ကြောင်း သုတေသီများက သတိပေးပြောကြားလာသည်ကိုလည်း တွေ့ရှိနေရသည်။

ကမ္ဘာ့နိုင်ငံများတွင်လက်ရှိအချိန်၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် လောင်စာဆီအသုံးပြုသည့် ကားမောင်းနှင်မည့်အစား စက်ဘီးစီးခြင်း၊ လျှပ်စစ်ကားမောင်းနှင်ခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစားထိုးအသုံးပြုခြင်းတို့ကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လာကြသည်။

နိုင်ငံအများအပြားတွင် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးကို အထောက်အကူပြုနိုင်သည့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အခွန်ကောက်ခံရေးလုပ်ငန်းကို ဆောင်ရွက်လာကြသည်။ အခွန်ကောက်ခံရေးလုပ်ငန်းအရ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းတို့ဆောင်ရွက်သည့်စက်မှုလုပ်ငန်းများအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘာဝဘေးအန္တရာယ်များ လျှော့ချရေးလုပ်ငန်းများကို အကူအညီပေးရန် အဆိုပါအခွန်ကို အသုံးပြုမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အစီအစဉ်အဖြစ် အမေရိကန်ပြည်ထောင်စု၏ ဝင်ငွေနည်းအိမ်သုံးစွမ်းအင်အကူအညီအစီအစဉ်သည် အပူလှိုင်းများ ကျရောက်သည့်အချိန်နှင့် ပြင်းထန်သောဆောင်းရာသီအတွင်း ကုန်ကျနိုင်သည့် ကုန်ကျစရိတ်များကိုကာမိစေရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နယူးယောက်နှင့် ပါရီကဲ့သို့သော မြို့ကြီးများတွင် ကျန်းမာရေးဌာနများသည် လေအေးပေးစက် သုံးစွဲခွင့်မရှိသော ၎င်းတို့၏နိုင်ငံသားများကို ကာကွယ်ရန်အတွက် အများပြည်သူ လေအေးပေးစင်တာများကိုလည်း ဖန်တီးတည်ဆောက်ထားသည်။ ဖီလာဒဲလ်ဖီးယားမြို့တွင် ဒေသခံပြည်သူများအား လေအေးပေးစက်၊ ပန်ကာများနှင့် ရေခဲရေများ ဝေငှရန် အပူဒဏ်လျှော့ချရေး အစီအစဉ်များကို ပံ့ပိုးကူညီခဲ့သည်။

အရှေ့တောင်အာရှ၏ အကြီးဆုံးစီးပွားရေးနှင့် ကမ္ဘာ့အဋ္ဌမမြောက်အကြီးဆုံး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေး ဆောင်ရွက်ရန်ရည်မှန်းထားသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့် ကျောက်မီးသွေးကို ကမ္ဘာပေါ်တွင် ထိပ်တန်းတင်ပို့သည့်အင်ဒိုနီးရှားနိုင်ငံသည် ၂၀၅၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် ရုပ်ကြွင်းလောင်စာများကိုသုံးစွဲမှု ဖျက်သိမ်းရန် အစီအစဉ်ရှိသည်။ အင်ဒိုနီးရှားသည် ၂၀၆၀ ပြည့်နှစ်တွင် ၎င်း၏ ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေး ရည်မှန်းချက်ပြည့်မီရန် လာမည့်ဆယ်စုနှစ်တွင် တစ်နှစ်လျှင် ဒေါ်လာ ၁၅၀ မှ ၂၀၀ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် လိုအပ်မည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ စုပေါင်းအင်အားဖြင့်သာ ရာသီဥတုပြောင်းလဲမှုဘေးကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ရာတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဖြင့် ကူညီကြရန်လိုအပ်ကြောင်း အသိတရားဖြင့် သတိပေးရေးသားလိုက်ပါသည်။

**ကိုးကား– world 101၊ Climate.gov**

## ဘိုကလေးမြို့မှ လက်ခမောင်းသံ (၆) ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်

**ဘိုကလေး ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အားကစားခန်းမ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ဘိုကလေးမြို့နယ်အခြေစိုက် တော်ဝင်ရောကလပ်မှ စီစဉ်ကျင်းပသော "ဘိုကလေးမြို့မှ လက်ခမောင်းသံ"(၆) ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲအား ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပခဲ့သည်။

**နှစ်ရက်တာကျင်းပ**



အဆိုပါ လက်ဝှေ့စိန်ခေါ်ပွဲအား ဒီဇင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည်။ အဆိုပါ လက်ဝှေ့စိန်ခေါ်ပွဲတွင် အထူးစိန်ခေါ်ပွဲအဖြစ် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကောင်းဆုံးလက်ဝှေ့သမားဆုရှင်၊ ၂၀၂၀ ပြည့်နှစ် ကရင်ပြည်နယ် ပထမအောင်လံဆုရှင်၊ ၂၀၂၃ ခုနှစ် SKY NET ရွှေအောင်လံဆုရှင်၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် ခွန်ခမာလက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရခဲ့သော သန့်ဇင် (တော်ဝင်ရော)နှင့် ပထမတန်းလက်ဝှေ့ကျော်များအား ခေတ်အဆက်ဆက်မွေးထုတ်ပေးခဲ့သော တန် ၉၀၀ ဘီလပ်မြေစက်ရုံကလပ်မှ လက်ဝှေ့ကျော် ကရင်ပြည်နယ် အောင်လံများဆုရှင် ၂၀၂၂ ခုနှစ် SKY NET ရွှေအောင်လံဆုရှင်ကမ္ဘောဒီးယားပြန် စောဘဟိန်းတို့၏ ပွဲစဉ်အား ဒီဇင်ဘာ ၂၅ ရက်တွင် ထည့်သွင်းကျင်းပခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက် ပွဲစဉ်များတွင် ရိုးရာလက်ဝှေ့ဝါသနာရှင်များ၏ နှစ်ချီကြားများနှင့်အတူ ဗိုလ်မထား(တော်ဝင်ရော)နှင့် စောအာကာ (လုံးချောကလပ်)၊ ထက်လင်း(ဘိုကလေး)နှင့် ဗလ(ကျိုက်ပိကလပ်)၊ ထက်မြက်(ဘိုကလေး)နှင့် မြင့်မြတ်ဟိန်း (လုံးချောကလပ်)၊ အောင်ခန့်နိုင်( Smart Fight Club)နှင့် ကောင်းထက်(လုံးချောကလပ်)တို့၏ ပွဲစဉ်အပါအဝင် သုံးချီစိန်ခေါ်ပွဲများအား အသည်းချင်းပြိုင်၊ ဖွဲချင်းပြိုင် အကြိတ်အနယ် ထိုးသတ်ယှဉ်ပြိုင်ကြပြီး လက်ရည်ချင်းတူ၊ ဖွဲချင်းတူကြသဖြင့် ပွဲစဉ်အများစုမှာ သရေပွဲများအဖြစ် ပြီးဆုံးခဲ့ကြသည်။

အဆိုပါ လက်ဝှေ့ပွဲစဉ်များတစ်လျှောက် ကြိုးဝိုင်းဒိုင်နှင့် ခုံဒိုင်များအဖြစ် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ယူဆောင်ရွက်ပြီး လက်ဝှေ့ပွဲများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးဝေလင်းအောင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လက်ဝှေ့ဝါသနာရှင် ပရိသတ်များမှ ရုံပြည့်ရုံလျှံအားပေးခဲ့ကြကြောင်းနှင့် လက်ဝှေ့ပွဲစဉ်များတွင်ပါဝင်သော လုံးချောကလပ်မှ လက်ဝှေ့ကျော်များအား အလွတ်တန်းချန်ပီယံဟောင်း နိုင်ငံကျော် ပထမတန်း လက်ဝှေ့ကျော်ကြီး လုံးချောကိုယ်တိုင် လာရောက်ကြီးကြပ်ဝန်းရံပေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## သာစည်မြို့နယ် မြေစိုကျေးရွာတွင် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မြေစိုကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၆၉ သန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လမ်း (၂/၀)မိုင်၊ Slab Culvert လေးစင်း၊ သံကူကွန်ကရစ်တံတားတစ်စင်းတို့ကို သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်ကွပ်ကဲမှုအောက်ရှိသာစည်မြို့နယ် မြေစိုကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၉ ဒသမ ၆၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့် A&A Star ကုမ္ပဏီက တာဝန်ယူ၍ အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ ပေရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၎င်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မြေစိုကျေးရွာရှိ အိမ်ခြေ ၁၄၂ အိမ်၊ စိုက်ဧက ၄၀၀၀ တို့ကို အကျိုးပြုနိုင်ပြီဖြစ်ပါသဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





✪ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ ပြိုင်ပွဲ၏ တတိယ နေ့ရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံတွင် ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ပညာရေးဒီဂရီကောလိပ် အသင်းများ၊ အုပ်ချုပ်သူ နည်းပြများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ ပိုက်ကျော်ခြင်း ပြိုင်ပွဲအပြီးတွင် မန္တလေးဖုန်(ခ) အသင်းက ပထမ၊ ရန်ကုန်ဖုန်(ခ) က ဒုတိယ၊ မန္တလေးဖုန်(က) အသင်းက တတိယ၊ ရန်ကုန်ဖုန်(က) အသင်းက နှစ်သိမ့်ဆုများ ရရှိကြသည်။

**ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဆုများနှင့် ပိုက်ကျော်ခြင်းတံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်ပေးကြသည်။

ယနေ့နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင်ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သံပြားပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲ ပွဲစဉ်များကိုကျင်းပကြရာ အမျိုးသား မီတာ ၁၀၀အပြေးပြိုင်ပွဲတွင် မောင်ချစ်မိုးဟိန်း(ဘားအံ)က ပထမ၊ မောင်ပြည့်စုံအောင် (ဘိုကလေး)က ဒုတိယ၊ မောင်မင်းထက်အောင်(စစ်ကိုင်း)က တတိယရရှိကြသည်။ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မစုပြည့်ပြည့်ဦး (ထားဝယ်)က ပထမ၊ မဆုနံ့သာအောင် (ဘားအံ)က ဒုတိယ၊ မအိရွှေစင်ထက်(စစ်ကိုင်း)က တတိယရရှိကြပြီး အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မောင်ရင်ကိုဦး(သင်္ကန်းကျွန်း)က ပထမ၊ စိုင်းသီဟစိုး (ဘားအံ)က ဒုတိယ၊ မောင်ဝိုင်းထက်ကျော်နိုင်(လှည်းကူး)က တတိယရရှိကြကာ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မသဇင်စိုးစံ(ထားဝယ်)က ပထမ၊ မနန်းစုထွေး (စစ်ကိုင်း)က ဒုတိယ၊ မထက်ထက်ဝင်း(ဘားအံ)က တတိယရရှိကြသည်။

အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် မောင်ကျော်စွာဦး (ဘားအံ)က ပထမ၊ မောင်မျိုးမြတ်သူ (ဘိုကလေး)က ဒုတိယ၊ မောင်ဇင်သူအောင် (မကွေး) က တတိယရရှိကြပြီး အမျိုးသမီးသံပြားပစ်ပြိုင်ပွဲတွင် မသီသီဟန် (မကွေး)က ပထမ၊ မဇူးဇူးအောင် (ဘိုကလေး) က ဒုတိယ၊ မဝသုန်ဦး(ဘားအံ)က တတိယဆုများကို ရရှိကြပြီး ဆုရရှိကြသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဆုများ ချီးမြှင့်ပေးကြသည်။

မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာ လုပွဲစဉ်ကို ရန်ကုန်ဖုန်(က)အသင်းနှင့် ရန်ကုန်ဖုန်(ခ)အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ဖုန် ( က)အသင်းက ရန်ကုန်ဖုန် (ခ)အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဗြိတိန်ဘီလျံနာ ဆာဂျင်ရက်ကလစ်ဖ် မန်ယူအသင်းရဲ့ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ဝယ်ယူရန် သဘောတူညီမှုရရှိ

ဗြိတိန်ဘီလျံနာ ဆာဂျင်ရက်ကလစ်ဖ်ဟာ မန်ယူအသင်းရဲ့ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ဝယ်ယူဖို့ သဘောတူညီမှုရရှိခဲ့တယ်လို့ သိရပါတယ်။ အသက် ၇၁ နှစ်အရွယ်ရှိ ရက်ကလစ်ဖ်ဟာ မန်ယူအသင်းကို အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် ပေါင် ၂၃၆ သန်း (အမေရိကန်ဒေါ်လာသန်း ၃၀၀) ထောက်ပံ့ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဗြိတိန်ဘီလျံနာ ဆာဂျင်ရက်ကလစ်ဖ်အနေနဲ့ မန်ယူအသင်းရဲ့ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်း ဝယ်ယူရေး သဘောတူညီချက်ဟာ မန်ယူအသင်းရဲ့ ပိုင်ရှင်တွေဖြစ်တဲ့ ဂလေဇာမိသားစုက အသင်းကို ရောင်းချဖို့ စီစဉ်ထားခဲ့တဲ့ ၁၃ လအကြာမှာ ထွက်ပေါ်လာခဲ့တာလည်းဖြစ်ပါတယ်။

ဂလေဇာမိသားစုဟာ မန်ယူအသင်းကို ၂၀၀၅ ခုနှစ်က ပေါင်သန်း ၇၉၀ နဲ့ ဝယ်ယူခဲ့တာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဆုဖလားကို မရယူနိုင်ခဲ့တဲ့အပြင် ယခုဘောလုံးရာသီမှာလည်း နိုင်ပွဲရရှိရေး ရုန်းကန်နေရတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရက်ကလစ်ဖ်အနေနဲ့ မန်ယူအသင်းရဲ့ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ဝယ်ယူရေး သဘောတူညီခဲ့ပေမယ့် အမေရိကန်မိသားစုဖြစ်တဲ့ ဂလေဇာမိသားစုက မန်ယူအသင်းရဲ့ အစုရှယ်ယာ ၆၉ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားတာကြောင့် အသင်းရဲ့ အဓိကအစုရှယ်ယာအများစုကို ဂလေဇာမိသားစုက ထိန်းချုပ်သွားဖို့လည်း ရှိနေတယ်လို့ သိရပါတယ်။

ငွေကြယ်

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြင်းစီးတန်းခုန်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြင်းစီးတန်းခုန်ပြိုင်ပွဲ(International Show Jumping)ကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် (မြင်းစီးအားကစားကွင်း) ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Children (အသက် ၁၄နှစ်အောက်)တန်း အမြင့် ၄၀-၅၀ စင်တီမီတာ၊ Junior (အသက်၁၄ နှစ်မှ၁၈နှစ်)တန်း အမြင့်၉၀ စင်တီမီတာ၊ Senior (အသက် ၁၈ နှစ်အထက်) တန်း အမြင့် ၁၁၀ စင်တီမီတာဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုးတွင် တစ်ဦးချင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ ဆက်သွယ်ထားပြီးဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ထုတ်ပြန်ထားသော အချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရန် လျှောက်ထားသည့်မည်သည့်မြင်းမဆို မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ အထောက်အထားမှတ်တမ်းတွင် အပြည့်အစုံဖြည့်စွက်ထားပြီးဖြစ်ရန်နှင့် တရားဝင်သက်တမ်းရှိရမည်ဖြစ်ပြီး မှတ်တမ်းပြုလုပ်ထားခြင်း မရှိသေးပါက ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းသည့်ရက်တွင် မှတ်တမ်းပြုလုပ်ပေးမည် ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဖုန်း ၀၉-၅၀၂၁၃၂၈၊ ၀၉-၇၉၅၄၀၈၀၅၂၊ ၀၉-၉၇၇၂၄၈၂၁၉ တို့သို့ ဆက်သွယ်၍ ပြိုင်ပွဲဝင်ခွင့်လျှောက်ထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ မြင်းစီးတန်းခုန်ပြိုင်ပွဲကို ကမ္ဘာ့မြင်းစီးအားကစားအဖွဲ့ချုပ်(F.E.I) ၏ တန်းခုန်ပြိုင်ပွဲ စည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ဆုရရှိသည့် ကစားသမားနှင့် မြင်းများအား ဆုဖလား၊ အသိအမှတ်ပြုလက်မှတ်နှင့် ဖဲပြားများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲကျင်းပစဉ်။

☆ **MNL Cup ပြိုင်ပွဲမှ**

Myanmar National League Cup 2024 ပြိုင်ပွဲကို MNL ပြိုင်ပွဲဝင်အသင်း ၁၂ သင်းအပြင် MNL-2 ကလပ် ၁၀ သင်းလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာ နေရှင်နယ်လိဂ်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ Myanmar National League Cup 2024 ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် မတ်လမှ မေလအတွင်း ကျင်းပမည်ဖြစ်သည်။

လာမည့် ဘောလုံးရာသီတွင် ယင်းပြိုင်ပွဲ ကျင်းပမည်ဖြစ်သောကြောင့် MNL နှင့် MNL- 2 ကလပ်အသင်းများအနေဖြင့် လိဂ်ပြိုင်ပွဲအပြင် ဖလားပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကလပ် အသင်းများအနေဖြင့် ယခင်က တစ်ရာသီလျှင် ပြိုင်ပွဲနှစ်ခု ကျင်းပလေ့ရှိသော်လည်း ကပ်ရောဂါကြောင့် ပြိုင်ပွဲရပ်နားပြီးနောက် ၂၀၂၂ ရာသီနှင့် ၂၀၂၃ ရာသီတွင် လိဂ်ပြိုင်ပွဲများသာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ရာသီပြီးဆုံးသွားပြီဖြစ်သောကြောင့် ကလပ်အသင်းအားလုံး လေ့ကျင့်မှုရပ်နားထားပြီး ယခုပြိုင်ပွဲကို မတ်လတွင် စတင်ကျင်းပရန် စီစဉ်ထားသောကြောင့် ရာသီသစ်အတွက် ဇန်နဝါရီ သို့မဟုတ် ဖေဖော်ဝါရီလတွင် စတင်လေ့ကျင့် ပြင်ဆင်ရဖွယ်ရှိနေသည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - သော်ကြီး

## ဒုတိယဗိုလ်မှူးကြီး မောင်မောင်(ငြိမ်း)
## ကြည်း-၉၈၂၉ ဗိုလ်သင်တန်းအပတ်စဉ်(၂၉)
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၈၆)၊ နှင်းဆီနီလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးအုန်းဖေ-ဒေါ်သိန်းရွှေ) တို့၏သားကြီး၊ [ဒုဗိုလ်မှူးကြီး မောင်စိုး(ငြိမ်း)-ဒေါ်တင်တင်အောင်] တို့၏ သားသမက်၊ (ဒေါ်ခင်ခင်)၊ ဒေါ်ဝါဝါစိုးတို့၏ ခင်ပွန်း၊ ဦးခန့်နိုင်-ဒေါ်ခိုင်သင်းကြည်၊ ဦးမြတ်မင်းမောင်-ဒေါ်နီလာခင်တို့၏ဖခင်၊ မစံထိပ်ထားဦး၊ မမြတ်ခင်ဝဋ္ဋာ၊ မသက်ခင်သဒ္ဒါတို့၏ အဘိုးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း) အသက် (၈၈) နှစ်သည် ၂၅-၁၂-၂၀၂၃ (တနင်္လာနေ့)မွန်းလွဲ ၁၂:၂၈နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၇-၁၂-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးသာ(စစ်တွေ)
## အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အိမ်အမှတ်(၄)နေ(ဦးအောင်ဇံဦး-ဒေါ်သိုင်းချို)တို့၏သမီး၊ (ဦးရွှေဇံ-ဒေါ်ဦးဝေ)တို့၏သမီးချွေးမ၊ [ဦးမောင်မောင်(Assistant Director, အကျဉ်းဦးစီး)]၏ဇနီး၊ ဒေါက်တာ တင်မောင်ဦး-ဒေါ်သန်းသန်းစိုး(Cape Town)၊ ဒေါက်တာ တင်အောင်-ဒေါ်ကြည်ကြည်ခင်(စစ်တွေ)၊ ဒေါ်တင်အေးနွယ်-ဦးသန်းလွင်(Bosun,Neptank)၊ ဒေါက်တာကျော်တင်မောင် - ဒေါ်ဖြူဖြူအောင်(တောင်ဥက္ကလာပ)၊ ဒေါက်တာ တင်မောင်ထွေး(Cape Town) တို့၏ မွေးသမိခင်၊ မြေး ရှစ်ယောက်တို့၏အဘောင်ရှင်၊ မြစ် ရှစ်ယောက်တို့၏ အဖီးရှင် ဒေါ်ထွေးသာသည် ၂၄-၁၂-၂၀၂၃ ရက် ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၃(ကြာသပတေးနေ့)၊ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊မိုးကောင်းလမ်းမ၊စကားဝါအိမ်ရာ၊ တိုက်အမှတ်(၂)၊(၄)လွှာ၊အခန်းအမှတ်(4-F)၊(၁၆၂၄)စတုရန်းပေခန့်အကျယ်ရှိရေမီးစုံလင်စွာပါရှိသော ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဦးသက်ဦးမြင့်သိန်း(၁၂/မရက(နိုင်)၁၁၂၈၁၀)နှင့် ဒေါ်ခင်မြတ်သဥ္ဇာထွန်း(၁၂/ဗဟန(နိုင်)၀၈၅၀၅၈)တို့ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကယနေ့မှစ၍(၇)ရက် အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်မေရည်စိုးဦး
LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၁၁၂)
09 50 577 14
အမှတ် (1/A2)၊မြသီတာအိမ်ရာ၊မြင်သာ(၁၁)လမ်း၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးအောင်သိန်း (ငြိမ်း) (ရေ ၃၁၄၂)
## အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (ဒေါ်မြင့်မြင့်အေး)၏ခင်ပွန်း ဗိုလ်မှူးအောင်သိန်း(ငြိမ်း)သည် ၂၃-၁၂-၂၀၂၃ ရက်၊ နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အဏ္ဏဝါဖောင်ဒေးရှင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စိန်
## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အိမ်အမှတ်(၁၀၈)၊ ၈-လွှာနေ(ဦးသာဟန်-ဒေါ်ခင်တင့်)တို့၏သမီးကြီး၊ (ဦးတင်ဆက်)၏ဇနီး၊ ဦးကျော်စိုးမိုး-ဒေါ်ခိုင်ခိုင်သန်း၊ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးမိုးကျော်သိန်း-ဒေါ်မို့မို့တင်တို့၏မိခင်ကြီး၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ထက်ဝေယံ၊ မဟေမာန်သိမ်းတို့၏ ဘွားဘွားကြီးသည် ၂၅-၁၂-၂၀၂၃(တနင်္လာနေ့)နံနက် ၆:၃၀ နာရီတွင် နေအိမ်၌ ဇ၆ ပါးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် နေ့ချင်းပြီးမီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ဖော်ပြပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ တရားနာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ အမှတ်(၁၂၃/က) ဟု ခေါ်တွင်သည့်မြေကွက်ပေါ်ရှိ (၁)ခန်းတည်း(၃ ½) အဆောက်အဦ၏ မြေညီထပ်(A-1)၊ (အလျား ၁၈ပေ x အနံ၅၄ပေ)၊ အကျယ်အဝန်းရှိ တိုက်ခန်း(၁) ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဦးဥက္ကာကျော် [၁၂ /ဒလန(နိုင်)၀၅၀၄၉၀] နှင့်ဒေါ်လွင်လွင်အေး [၁၀/သထန(နိုင်)၁၇၄၄၇၃] တို့မှ ဥပဒေနှင့်အညီတရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သက်မြတ်နိုး [၁၂/မဂတ (နိုင်)၁၁၀၃၄၉] မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| ဦးမောင်မောင်ချစ်(စလင်း) LL.B | ဒေါ်မိုးယုနွယ် |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇ ) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄) |
| Ph–09–954280932 | LL.B, D.B.L, D.I.L, D.M.L, |
| အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ | WIPO(Switzerland) |
| (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ | Ph:09–420080932,09–983837110 |

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်၊ ကွင်းအမှတ်(၆၈၁/ခ ရေငယ်တောင်)၊ မြေကွက်အမှတ်(၂၈၆)၊ မြေဧရိယာ(၀.၁၂၂)ဧကရှိ မြေကွက်အား ဒေါ်မေမွန်သူ [၉/စကန(နိုင်)၀၇၆၄၄၅]မှ မြေငှားဂရန်အသစ် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၇)လမ်း၊ အမှတ်(၆၅၅)တွင် နေထိုင်သူ ကျွန်မ ဒေါ်သန္တာဝင်း[၁၄/ဒဒရ(နိုင်)၁၁၁၈၀၄]မှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် –

(၂၃-၁၂-၂၀၂၃) ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်စာချုပ်အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၅) လမ်း၊ တိုက်အမှတ် (၆၀၂)၊ (၂) ခန်းတွဲ (၃ ½ /၅) ထပ်တိုက်အဆောက်အဦမှ (မြေညီထပ်-ခြေရင်းခန်း/B )(ထပ်ခိုးမပါ)တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပူးတွဲ ဝယ်ယူပိုင်ဆိုင်ထားသော ဦးအောင်ခိုင်ဦး [၁၂/ဒလန(နိုင်)၀၄၀၀၃၇]၏ထံမှ ကျွန်မ ဒေါ်သန္တာဝင်းက တစ်ဦးတည်းပိုင် ပြန်လည်၍အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဝင်း**
**[၁၄/ဒဒရ(နိုင်)၁၁၁၈၀၄]**
**အမှတ်(၆၅၅)၊ မြို့ဟောင်း (၇) လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အိမ်အမှတ်(83)နေ ဦးသန်းဇော်[၁၂/ကမန(နိုင်)၀၀၉၈၁၄]၏ သား မောင်ထက်လွင်မိုး [၁၂/တတန(နိုင်)၁၉၁၅၉၈] သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ထက်လွင်မိုးနှင့်ပတ်သက်သည့် ငွေရေး/ကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း မောင်ထက်လွင်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ–ဦးသန်းဇော်[၁၂/ကမန(နိုင်)၀၀၉၈၁၄]**

### ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ပန်းခြံ(၇) အမှတ်(၂၇၃/ခ)၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းကွက်အမှတ် -၂၊ မြေကွက်အမှတ် (၂၇၃/ခ) ဦးစိုးငွေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်နေ ၁။ ဦးမြင့်အောင် [၇/ကဝန (နိုင်) ၁၈၈၃၆၄]၊ ၂။ ဒေါ်စန်းစန်းမြင့် [၁၂/ဒပန (နိုင်) ၀၁၉၀၂၇] နှင့် ၎င်းတို့၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးမြင့်ဇော် [၁၂/ဒပန(နိုင်) ၀၁၈၉၆၈] (ကိုယ်တိုင်) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်-

အထက်တွင်ဖော်ပြပါရှိသည့် မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေများမှ အမွေကြောင်းအရ သက်ဆိုင်သည့် အမွေဆိုင်မြေကွက်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်မရဘဲ (အသိမပေးဘဲ) လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်သည်။ လိုက်နာရန်ပျက်ကွက်ပါက ပြုလုပ်သူတို့အား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်သည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးစိုးရန်နိုင် | ဒေါ်စန္ဒာဝင်း |
| LL.B (စဉ်–၁၄၈၃၈/၁၈) | LL.B (စဉ်–၃၇၀၂၅/၁၁) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |


**အမှတ်(၁၂/က)မြေညီထပ်၊ အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၇၉၅၁၂၈၉၉၄၊ ၀၉-၄၂၈၁၇၇၄၈၇**

## စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ တိုက်အမှတ်–၃၁၊ ၇လွှာ/ဘီ၊ အကျယ်အဝန်း–၁၆ပေx၆၀ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား ဦးပြည့်စိုးအောင် [၁၂/သဃက(နိုင်)၀၆၁၇၃၇]မှ အရောင်းအဝယ်ကတိစာချုပ်ဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| ဦးခင်မောင်ချို LL.B, D.B.L | ဒေါ်သီတာအောင် LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၄၄) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၀) |

**၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်–၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**




## "အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည် ရုပ်သိမ်းကြောင်း ဦးကျော်လွင် [၁၂/မဂတ(နိုင်)၀၀၈၁၃၀] နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၁)လမ်း၊ အမှတ်(၆၇၃)နေ ဒေါ်မိုးမိုးစံ [၁၂/ဥကမ(နိုင်)၁၅၇၀ ၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၁၆၉၈)နေ ဦးကျော်လွင် [၁၂/မဂတ(နိုင်)၀၀၈၁၃၀]ကိုင်ဆောင်သူအား ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၃၀-၃-၂၀၁၆)ရက်နေ့က လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၅၅)အား ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဦးကျော်လွင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဌေးအောင် အထက်တန်းရှေ့နေ (စဉ်–၅၄၄၃၅)**
**အမှတ်(၉)၊ (၃)လွှာ၊ ၁၂ လမ်း၊ (၅)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉-၇၆၁၉၃၁၉၂၀**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကို အခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိ...

❖ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL Cup ပြိုင်ပွဲကို အသင်းစုစုပေါင်း ၂၂ သင်းဖြင့် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီ MNL ပြိုင်ပွဲမတိုင်မီ Myanmar National League Cup 2024 ပြိုင်ပွဲကို အသင်းစုစုပေါင်း ၂၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**ယှဉ်ပြိုင်ခွင့်ရရှိမည်**

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပမည့်ကာလကို အပြောင်းအလဲ ပြုလုပ်မည်ဖြစ်သောကြောင့် ယင်းကာလမတိုင်မီ ပြိုင်ပွဲတစ်ခုကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ☆



ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## ယခုဘဏ္ဍာနှစ် ရှစ်လကျော်၌ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာသန်း ၄၇၀ ကျော်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံက ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်အတိုင်း တင်ပို့နေပြီး ယခုဘဏ္ဍာနှစ် ရှစ်လကျော်၌ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာသန်း ၄၇၀ ကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**တင်ပို့မှုလျော့ကျနေဆဲဖြစ်**

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြည်ပရေထွက်ကုန်တင်ပို့မှုသည် ပုံမှန်အတိုင်း တင်ပို့နေသော်လည်း ကိုဗစ်-၁၉ ကာလ မတိုင်ခင် အခြေအနေကို ပြန်လည်မရောက်ရှိသေးသည့်အတွက် တင်ပို့မှုလျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲအား နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံတို့တွင် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ပြီး စတုတ္ထနေ့ ပွဲစဉ်များအဖြစ် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော နေရာများတွင် ယှဉ်ပြိုင်ကစားကြသည်။

ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❂




**ယနေ့ ဖတ်စရာ**

ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ PDFအမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိ

စာမျက်နှာ » ၁၅

ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် ကျောက်ဆည်မြို့နယ် တောင်နံ့သာကျေးရွာမှ နီစိမ်းဝါ ယိုမျိုးစုံလုပ်ငန်း

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၂၅

ကာဗွန်လျှော့ချရန်လိုအပ်သည့် ယနေ့ကမ္ဘာ

ဘာသာပြန် စာမျက်နှာ » ၂၆